# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## စက်သုံးဆီများ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် Public Transportation ဖြစ်သည့် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်

### စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လူတစ်ဦးချင်းအနေဖြင့် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုသကဲ့သို့ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် စက်သုံးဆီများသုံးစွဲမှုလျှော့ချနိုင်သည့် နည်းလမ်းများကို ရှာဖွေ

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် — ထုတ်ပြန်ချက် စာ - ၆

ဂျာမနီရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အနိုင်ရ — နိုင်ငံတကာသတင်း စာ - ၁၃

ကိုဗစ်- ၁၉ အလွန် ဆင်းရဲမွဲတေမှုကို ဘယ်လိုကျော်ဖြတ်သွားမလဲ — ဆောင်းပါး စာ - ၂၀

# ခွေးရူးရောဂါ ကင်းစင်ရေး ရင်ဆိုင်လက်တွဲပူးပေါင်းပေး

ယနေ့(စက်တင်ဘာလ ၂၈ ရက်နေ့) သည် (၁၅) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါနေ့(15th World Rabies Day) ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခွေးရူးပြန်ရောဂါဆိုင်ရာ အသိပညာပေးမှုများကို ပြည်သူများအား လှုံ့ဆော်ပညာပေးခြင်းဖြင့် ဂရုပြုလာစေပြီး ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ ခွေးရူးရောဂါ လုံးဝကင်းစင်စေရေးကို အဓိကဦးတည်ရည်မှန်းခြင်းဖြစ်သည်။

ခွေးရူးရောဂါ ကမ္ဘာပေါ်တွင် တည်ရှိလာသည်မှာ နှစ်ပေါင်း ၄၀၀၀ ကျော်ခဲ့ပြီဖြစ်ပြီး ယနေ့ထိတိုင် တည်ရှိနေဆဲဖြစ်သလို ကြောက်စရာကောင်းနေဆဲလည်း ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ ခွေးရူးရောဂါကြောင့် တစ်နှစ်လျှင်လူ ၅၅၀၀၀ သေဆုံးလျက်ရှိရာ ယင်းအနက် ၃၁၀၀၀ မှာ အာရှမှဖြစ်ပြီး ၂၄၀၀၀မှာ အာဖရိကမှ ဖြစ်သည်ဟုဆိုသည်။ ခွေးရူးပြန်ရောဂါကြောင့် ကမ္ဘာပေါ်တွင် ၁၅ မိနစ်တိုင်းမှာ လူတစ်ဦးနှုန်း သေဆုံးနေရခြင်းဖြစ်ပြီး အများစုမှာ မိမိတို့ နိုင်ငံတည်ရှိရာ အာရှတိုက်မှ ဖြစ်နေသည်။ ခွေးရူးပြန်ရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ခွေးလေခွေးလွင့်များက အဓိကဖြစ်ပြီး ခွေးလေ ခွေးလွင့်များကို နှိမ်နင်းခြင်းဖြင့် ခွေးရူးပြန်ရောဂါကြောင့် လူသေဆုံးမှုနှုန်းကို လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။ တစ်ဖက်တွင်လည်း ခွေးလေခွေးလွင့်များကို ရှင်းလင်းရာတွင် ခွေးချစ်သူများ၏ ကန့်ကွက်ဟန့်တားမှုများ ကြုံတွေ့ရသည့်အတွက် သားဆက်ခြားနည်း၊ သားကြောဖြတ်နည်းများ ကျင့်သုံးသည့်အခါ လေလွင့်ခွေးများကို ဆေးထိုး/ခွဲစိတ်ရန်အတွက် ဖမ်းဆီးရန် ခက်ခဲခြင်း၊ ကုန်ကျစရိတ် မြင့်မားသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ခြင်း စသည့်အခက်အခဲများရှိကြောင်း သိရသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတစ်ဝန်းတွင် ခွေးကောင်ရေ ၃ ဒသမ ၈ သန်းခန့်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းမှာ လေလွင့်ခွေးများဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဖြစ်သည့် ရန်ကုန်မြို့တွင် လမ်းဘေးခွေးများ၏ ၅၀ ရာခိုင်နှုန်းတွင် ခွေးရူးရောဂါပိုးများ သယ်ဆောင်ထားကြောင်းလည်း သိရသည်။

ခွေးရူးရောဂါပိုး(Rabies Virus) ကို လင်းနို့၊ ရှဉ့်၊ မြေခွေး စသည့် တောရိုင်းတိရစ္ဆာန်များတွင်လည်းကောင်း၊ ခွေး၊ ကြောင်၊ နွား၊ ဆိတ် စသည့်အိမ်မွေးတိရစ္ဆာန်များတွင်လည်းကောင်း တွေ့ရပြီး ပိုးရှိသည့် တိရစ္ဆာန်၏ ကိုက်ခြင်း၊ ကုတ်ခြင်း ခံရခြင်းဖြင့် ကူးစက်တတ်သည်။ အဓိကအားဖြင့် ခွေးမှကူးစက်မှုက အများဆုံးဖြစ်သည့်အတွက် ခွေးရူးရောဂါဟု ခေါ်ဆိုခြင်းဖြစ်သည်။ ရောဂါ၏ ပြင်းထန်မှုအရ လူ ၁၀၀ လျှင် ၉၉ ယောက် သေဆုံးနိုင်သော်လည်း ကာကွယ်ဆေးရှိနေသည့်အတွက် အချိန်မီထိုးနှံပေးနိုင်ပါက ပြန်လည်ကောင်းမွန်လာနိုင်သည်။ ခွေးရူးကိုက်ခံရသည့်အခါ ခွေးရူးပြန်ရောဂါပိုးသည် အာရုံခံ နာဗ်ဆဲလ်များမှတစ်ဆင့် ဦးနှောက်ဆီသို့ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် ပျံ့နှံ့သည့်အတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ချက်ချင်းထိုးနှံနိုင်ရန် အရေးကြီးသည်။ ခွေးရူးရောဂါပိုး ဦးနှောက်အတွင်းသို့ ရောက်သွားလျှင်မူ ကုသနိုင်ခြင်း မရှိတော့ဘဲ အသက်ဆုံးရှုံးနိုင်သည်။

ခွေးရူးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များကို ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ပြင်ပမှ အခြားတိရစ္ဆာန်များနှင့် မထိတွေ့စေရန် ကာကွယ်ခြင်းတို့ ပြုလုပ်ရန် လိုအပ်သည်။ ခွေးရူးရောဂါ ကာကွယ်ဆေးထိုး စီမံချက်ဖြင့် လာရောက်ထိုးနှံပေးပါကလည်း မိမိတို့၏ အိမ်မွေးတိရစ္ဆာန်များကို မပျက်မကွက် ထိုးနှံမှု ခံယူရန်နှင့် မိမိပတ်ဝန်းကျင်၌ ခွေးရူးပြန်ရောဂါပိုးကင်းစင်စေရန်အတွက် ပူးပေါင်းပါဝင်ကြဖို့ လိုအပ်သည်။ လူကို အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်တို့ ကိုက်ခြင်းကို ခံရပါကလည်း ဒဏ်ရာကို ရေများများသုံး၍ ဆပ်ပြာနှင့် ဒက်တော ကဲ့သို့သော ပိုးသန့်စင်ဆေးရည်တို့ဖြင့် သန့်စင်အောင်ဆေးကြောပြီး ဆရာဝန်ထံ အဆောလျင်ဆုံးပြသ၍ ကုသမှုခံယူသင့်သည်။ ဆရာဝန်ညွှန်ကြားချက်များကို လိုက်နာ၍ ကာကွယ်ဆေးကို အပြည့်အဝထိုးနှံရန်လည်း လိုအပ်သည်။

မြန်မာနိုင်ငံသည် ခွေးရူးရောဂါအန္တရာယ်အများဆုံးနိုင်ငံများတွင် ပါဝင်နေပြီး နှစ်စဉ်ခွေးကိုက်ခံရမှု သိန်းနှင့်ချီ၍ရှိကာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုများလည်း ရှိနေသည်။ သို့ဖြစ်ရာ လေလွင့်ခွေးများ ထိန်းချုပ်ရေး၊ အိမ်မွေးတိရစ္ဆာန်များ ခွေးရူးပြန်ရောဂါ ကာကွယ်ရေး၊ ခွေး၊ ကြောင်တို့ အကိုက်ခံရပါက ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို အချိန်မီထိုးနှံရေးနှင့် ခွေးရူးရောဂါဆိုင်ရာ အသိပညာဗဟုသုတများ လူတိုင်းသိရှိနိုင်ရေး ပညာပေးခြင်းတို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ခွေးရူးရောဂါအန္တရာယ်မှ ရှောင်ကြဉ်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဝင်းမော် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့<br>စီမံရေးဦးစီးဌာန |
| (၂) | ဒေါက်တာအောင်ကျော်သင် | လျှပ်စစ်နှင့်စွမ်းအင်<br>ဝန်ကြီးဌာန<br>ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာ<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာသိင်္ဂီရွှေ | ပါမောက္ခချုပ်<br>ဟင်္သာတတက္ကသိုလ်<br>အဆင့်မြင့်ပညာ<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## "ကိုဗစ်-၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံးပါဝင်ပေး" ခေါင်းစဉ်နှင့် "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာတိုက်ဖျက်ပါ" ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်ခြင်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ပြည်သူများ အသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက်လည်းကောင်း **"ကိုဗစ် – ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ် – ၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့် ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ် – ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **"ကိုဗစ် – ၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ် – ၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေး ဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင် ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့် သတ်မှတ်၍ ၃၁–၁၀–၂၀၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၁၃၄၂၊ ၀၁–၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၇-၉-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ❒ ကုသဆေးနှင့် ကာကွယ်ဆေးများကိုလည်း ပြည်ပမှဝယ်ယူနေရခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်

## ❒ တိုင်းရင်းဆေးအနေဖြင့်လည်း ဆေးခါးကြီးကိုအခြေခံ၍ ကာကွယ်ဆေးနှင့် ကုသဆေးတို့ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း အမြဲမပြတ်ဆောင်ရွက်သွားကြရန်လို

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

### ဥပဒေအရသာ ဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်မှာ ၈ လတာ ကာလပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ တာဝန်ယူပြီးချိန်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲမှုများ မျိုးစုံဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအကျပ်အတည်းဖြစ်ပေါ်ခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ဥပဒေအရ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်၏အာဏာအား ဆက်လက်ရယူရန် အဓမ္မနည်းဖြင့် ဥပဒေမဲ့ ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ အရေးပေါ်အခြေအနေ ကြေညာပြီးနောက်ပိုင်းတွင် ဥပဒေအရ ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်နိုင်သည့် အခြေအနေများရှိခဲ့ကြောင်း၊ မဲမသမာမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ပါဝင်ပတ်သက်သူများအနေဖြင့် ဥပဒေအရ အရေးယူခံရနိုင်သော်လည်း ရွေးချယ်ခံကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်မှုသာရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အဆိုပါအချက်အားမျက်ကွယ်ပြု၍ မသင့်တော်သည့်နည်းလမ်းဖြင့် အနိုင်ရရှိရေး ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဥပဒေဖြင့်မလျော်ညီဘဲ ဆောင်ရွက်ခဲ့မှုကြောင့် ဖယ်ရှားခံရသူများက ဥပဒေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်လမ်းစဉ်ကို ၎င်းတို့ရွေးချယ်ခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် ဆောင်ရွက်ခြင်းကိုသာ လိုလားကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ဆန္ဒကို လေးစားကြောင်း၊ သို့သော် စည်းကမ်းနှင့်ညီညွတ်ရန်လိုပြီး "လူညီလျှင် ဉာဏ်ကိုကွဲဖြစ်သည်" ဆိုသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဆောင်ရွက်၍မရကြောင်း၊ ဥပဒေအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### သင်ခန်းစာယူ၍ ဆောင်ရွက်

အကြမ်းဖက်မှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများသည် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ၎င်းတို့ထံမှ သင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းကို လိုလားကြောင်း၊ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်ကြောင်း၊ လူအများစု၏ ဆန္ဒဆိုပြီး ဥပဒေနှင့်ဆန့်ကျင်ကာ ဆောင်ရွက်၍ မရကြောင်း၊ မိမိတို့နှင့် မိမိတို့မွေးထုတ်လိုက်သည့် မျိုးဆက်များတွင် မကောင်းသောအကျင့် မပါသွားရန် လိုကြောင်း။

### ပါဝင်ကူညီဆောင်ရွက်နေ

ယခုအခါ CRPH, NUG စသည့်အဖွဲ့အစည်းများ ပြောဆိုဆောင်ရွက်နေသည့် ကိစ္စရပ်များသည် အကြမ်းဖက်လမ်းစဉ်ကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ ၎င်းတို့နှင့် ဆက်စပ်ဆောင်ရွက်နေသည့် EAO များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်နည်းလမ်းများ၊ သွယ်ဝိုက်နည်းလမ်းများဖြင့် ပါဝင်ကူညီဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ NUG နှင့်ဆက်စပ်အဖွဲ့များသည် ဒီမိုကရေစီနည်းအရ နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်း၊ ကောင်းမွန်ရာ ကောင်းမွန်ကြောင်း တိုက်တွန်းပြောဆိုနေမှုများ လုံးဝမရှိဘဲ လူသတ်ခြင်း၊ မိုင်းခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်သာ တိုက်တွန်းပြောဆို၍ နိုင်ငံပျက်စီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လုံးဝသွေဖည်မသွားဘဲ ကာကွယ်ထိန်းသိမ်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လွတ်လပ်ခွင့်ပေးပြီးဖြစ်

မိမိတို့နိုင်ငံတွင် စာရင်းဇယားအရ လူဦးရေ ၅၅ သန်းခန့်ရှိကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထိ အဆင့်ဆင့် အုပ်ချုပ်ရေးဆိုင်ရာဌာနများတွင် နိုင်ငံတော်၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများရှိကြောင်း၊ အဆိုပါအဖွဲ့များအားလုံးသည် နိုင်ငံတော်၏ လစာကိုရယူနေရသူများဖြစ်သဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်လုပ်ဆောင်ရန်လိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ပြီး ဥပဒေပြင်ပသို့ရောက်ရှိသွားသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ ထိုကဲ့သို့ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် မိမိတို့၏ သဘောထားများအား ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လက်ရှိဥပဒေအတွင်း တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စီမံအုပ်ချုပ်မှုအောက်တွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများ အားလုံးအား ဆန္ဒမဲပေးပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရ လွတ်လပ်ခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လိုကြောင်း။

### တစ်ဦးချင်းလိုက်နာကြရန်လို

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ဇူလိုင်လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုအခါ ရောဂါဖြစ်ပွားမှုနှုန်းများ ကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော်ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုသည် မြန်ဆန်မှုရှိသဖြင့် ပေါ့ဆနေ၍မရဘဲ အဆိုးဆုံးအခြေအနေအထိ မျှော်တွေး၍ ဆက်လက်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အချို့မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုများအား ဖြေလျှော့ပေးပြီး အချို့လိုအပ်သည့် မြို့နယ်များအား သတ်မှတ်မှုများ တိုးမြှင့်ဆောင်ရွက်မှုရှိကြောင်း၊ ကူးစက်မှုများအား သိရှိစေရေးအတွက် စစ်ဆေးမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် SOP များကိုလိုက်နာ၍ နေထိုင်သွားလာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကူးစက်မှု ရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက် ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထလှိုင်း ဖြစ်ပွားလာနိုင်မှုအပေါ်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့် ပတ်သက်၍ လိုက်နာရမည့် သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန် လိုကြောင်း။

### အမြဲမပြတ်ဆောင်ရွက်

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဆေးရုံများ၊ ဆေးခန်းများတွင်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးနှင့် ပတ်သက်၍လည်း ဇူလိုင်လအတွင်း အမြင့်ဆုံးအသုံးပြုခဲ့သည့် ပမာဏထက်ကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဆေးရုံများတွင် ICU ခန်းများပြင်ဆင်ခြင်းနှင့် လိုအပ်သည့်ဆေးပစ္စည်းများအား ဝယ်ယူစုဆောင်းထားရမည်ဖြစ်ကြောင်း၊ ကုသဆေးနှင့် ကာကွယ်ဆေးများကိုလည်း ပြည်ပမှဝယ်ယူနေရခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းရင်းဆေးအနေဖြင့်လည်း ဆေးခါးကြီးကိုအခြေခံ၍ ကာကွယ်ဆေးနှင့် ကုသဆေးတို့ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း အမြဲမပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

### စနစ်တကျခြိုးခြံသုံးစွဲ

စီးပွားရေးကဏ္ဍနှင့် ပတ်သက်၍ ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ဇူလိုင်လအထိ ဘတ်ဂျက်ကာလ ၁၀ လအတွင်း ပို့ကုန် ၁၁ ဒသမ ၈၉၂ ဘီလီယံရှိပြီး သွင်းကုန် ၁၂ ဒသမ ၂၆၀ ဘီလီယံရှိကြောင်း၊ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ၂၃ ဒသမ ၁၅၃ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိကြောင်း၊ ၂၀၁၉ -၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှု ၂၂ ဒသမ ၃၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ရခြင်းမှာ စားအုန်းဆီနှင့် ဘိလပ်မြေများအား ပိုမိုတင်သွင်းခဲ့ရပြီး ပြည်ပပို့ကုန်များဖြစ်သည့် ငါး၊ ပုစွန်နှင့် ဆန်များ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ပြည်ပမှ စားအုန်းဆီတန်ချိန် ၇၆၈၀၀၀ ကျော်၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ တွင် တန်ချိန် ၈၅၅၀၀၀ ကျော်၊ ၂၀၁၉-၂၀၂၀ တွင် တန်ချိန် ၈၈၈၀၀၀ ကျော်၊ ယခုနှစ်တွင် စက်တင်ဘာလ ၁၇ ရက်အထိ တန်ချိန် ၇၉၀၀၀၀ ခန့်အသီးသီးတင်သွင်းခဲ့ရသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုနှင့် ပတ်သက်၍ စနစ်တကျခြိုးခြံသုံးစွဲကြရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူများ၊ ကုန်ထုတ်လုပ်သူများအားလုံး စိတ်ချမ်းသာစွာ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက ဘက်ပေါင်းစုံမှ ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးတောင်သူများအား ပညာပေးခြင်းများ၊ အားပေးခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ ပြည်တွင်း ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများမှ ဘိလပ်မြေ ထုတ်လုပ်မှုများအား စွမ်းအားပြည့်လည်ပတ်၍ ပြည်ပမှ ဘိလပ်မြေတင်သွင်းမှုများကို လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

### ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များကိုလည်း ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးချင်းတူပါက အရည်အသွေးကောင်းရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းတို့သည် မိမိတို့နိုင်ငံ၏ အဓိကပြည်ပပို့ကုန်များဖြစ်ကြောင်း၊ ကုန်ချောအဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးသည် အရေးကြီးကြောင်း။

*စာမျက်နှာ ၄ သို့*

❖ **စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများသုံးစွဲရပြီး အဆိုပါဓာတ်မြေဩဇာများအား ပြည်ပမှတင်သွင်းနေရ**

❖ **စိုက်ပျိုးမြေများအတွက် ဓာတ်မြေဩဇာများလုံလောက်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဓာတ်မြေဩဇာထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိ**

# ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင် တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာမည်

◆ **လျှပ်စစ်မီတာခများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိရန်လို**

◆ **ပြည်သူများအနေဖြင့် အခွန်ထမ်းလိုသည့်စိတ်ရှိပြီး ပေးသင့်ပေးထိုက်သည့်အခွန်များ ပေးဆောင်လိုသည့်အသိများရှိရန်လို**

◆ **အခွန်ငွေများရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်**

*စာမျက်နှာ ၃ မှ*

လောင်စာဆီသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအတွင်း ယခုနှစ် ဩဂုတ်လအထိ ကုန်တင်ယာဉ်နှင့် လူစီးမော်တော်ယာဉ်စုစုပေါင်း ၁၁၄၀၀၀၀ ကျော်၊ မော်တော်ဆိုင်ကယ် စုစုပေါင်း ၆၄၅၀၀၀၀ ကျော်ရှိကြောင်း၊ အဆိုပါယာဉ်များအတွက် စက်သုံးဆီများအား ပြည်ပနိုင်ငံများမှ တန်ချိန်ပေါင်းများစွာ တင်သွင်းနေရကြောင်း၊ ထိုသို့သုံးစွဲလျက်ရှိသည့် စက်သုံးဆီများ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် Public Transportation ဖြစ်သည့် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လူတစ်ဦးချင်းအနေဖြင့် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုသကဲ့သို့ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း စက်သုံးဆီများသုံးစွဲမှု လျှော့ချနိုင်သည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမောင်းနှင ရသည့် ဘတ်စ်ကားများနှင့် အိမ်သုံးမော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ အချို့နိုင်ငံများတွင် လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များအား စတင်သုံးစွဲလျက်ရှိကြောင်း။

## နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချ

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် လေအားသုံး လျှပ်စစ်ထုတ်လုပ်ရေးများ ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ များစွာရှိကြောင်း၊ အဆိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအားအသုံးချ၍ စက်သုံးဆီသုံးစွဲမှုအား လျှော့ချနိုင်ရေး မဖြစ်မနေဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

## နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း

စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများသုံးစွဲရပြီး အဆိုပါ ဓာတ်မြေဩဇာများအား ပြည်ပမှ တင်သွင်းနေရကြောင်း၊ စိုက်ပျိုးမြေများအတွက် ဓာတ်မြေဩဇာများလုံလောက်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဓာတ်မြေဩဇာထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျွဲ၊ နွား၊ ကြက်များအား မွေးမြူကြကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများအား စနစ်တကျမွေးမြူ၍ ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် သဘာဝဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မွေးမြူရေးဆောင်ရွက်သူများ စနစ်တကျဖြင့် မွေးမြူစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံရေးအခြေအနေအား အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်သူများအနေဖြင့် မူးယစ်ဆေးဝါးများအား နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာလအထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် စုစုပေါင်း ၅၂၈ ကြိမ်ရှိပြီး ဖမ်းဆီးရမိမူးယစ်ဆေးများအနေဖြင့် WY ဆေးပြားပေါင်း ၁၂၈ သန်း၊ အိုက်စ် ၁၁၁၉၀ ကီလိုဂရမ်၊ ဘိန်းဖြူ ၁၄၅၁ ကီလိုဂရမ်၊ ဘိန်းစိမ်း ၁၂၂၇ ကီလိုဂရမ်၊ ကတ်တမင်း ၅၄၇ ကီလိုဂရမ်၊ ကိုကင်း ၇၄ ကီလိုဂရမ်နှင့် အခြားပစ္စည်း ၁၉၇၈၆၉ ကီလိုဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၆ ဒသမ ၉၇ ဘီလီယံရှိကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးမှုများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးကြရန်လိုကြောင်း၊ ဖမ်းဆီးရမိမှုများသည် မိမိတို့နိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုရှိနေသည်ကို ပြနေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကြီးစိုးသည့်နေရာများဖြစ်ကြောင်း။

## ဝင်ငွေသည် အခွန်ငွေများဖြစ်

အခွန်အကောက်ရရှိရေးနှင့် ပတ်သက်၍ တိုင်းပြည်၏ဝင်ငွေသည် အခွန်ငွေများဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်မီတာခများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနများမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အခွန်ထမ်းလိုသည့်စိတ်ရှိပြီး ပေးသင့်ပေးထိုက်သည့်အခွန်များ ပေးဆောင်လိုသည့် အသိများရှိရန်လိုကြောင်း၊ တစ်ဖက်တွင် အခွန်ငွေများ လျှော့ချပေးထားသော်လည်း ရသင့်ရထိုက်သည့် အခွန်များ ရရှိစေရေး စနစ်တကျ ကောက်ခံရန်လိုကြောင်း၊ အခွန်ငွေများရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုတိုးတက်မှသာ နိုင်ငံတည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း။

## ပိုမိုကြိုးပမ်းဆောင်ရွက်

ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များအား စနစ်တကျ စွန့်ပစ်ရန်အတွက် ပြည်သူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများမှလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း၏ Mind Set များ ကောင်းမွန်စေရေးအတွက် သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူများ စည်းကမ်းလိုက်နာမှု ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ပြုပြင်ရန်လိုအပ်သည့် ကဏ္ဍများစွာ ရှိနေသေးသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆီဝယ်ယူတင်သွင်းမှုပမာဏအရ ပြည်တွင်းထွက် စားသုံးဆီမပါ အရွယ်ရောက်သူတစ်ဦးအနေဖြင့် တစ်နှစ်ဆီစားသုံးမှုမှာ ၁၀ ပိဿာကျော်ခန့်ရှိသည်ကို တွက်ချက်မှုများအရ သိရှိရသဖြင့် တစ်ဦးချင်း ဆီစားသုံးမှုများကို လျှော့ချကြရန်လိုပြီး ကျန်းမာရေးနှင့် လျော်ညီသည့် ဆီစားသုံးမှုများရှိရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီဖူလုံစွာ ထုတ်လုပ်နိုင်ပြီး ဆီစားသုံးမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံ၏နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီစားသုံးမှု လျှော့ချရေးအတွက် ပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း။

## မူဝါဒများကို လိုက်နာ

မြေယာစီမံခန့်ခွဲမှုမူဝါဒနှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းများတွင် မြေနေရာရယူထားသူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နှစ်အလိုက် စိုက်ပျိုးရမည့် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းများဖြင့် တရားမဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ စီမံကိန်းများ ဆောင်ရွက်ရန် မြေနေရာများ ဖော်ဆောင်ရာတွင် မြေနေရာ ရယူထားသူများအနေဖြင့် မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်မှုမရှိသည်ကို တွေ့ရကြောင်း၊ မြေနေရာ ရယူထားသူများအနေဖြင့် မြေယာဥပဒေနှင့် မူဝါဒများကို လိုက်နာကြရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက မှန်မှန်ကန်ကန်ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်၏ စိုက်ပျိုးမြေကေ လျော့ကျမှုမရှိစေရန်အတွက် တာဝန်ရှိသူများက မြေယာစီမံခန့်ခွဲမှုများကို စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြေကို တန်ဖိုးထားပြီး အကျိုးရှိအောင် ထိထိရောက်ရောက် အသုံးပြုရန်လိုအပ်ကြောင်း၊ နိုင်ငံအတွင်းရှိ မော်တော်ကားလမ်းများ၏ လမ်းနယ်နိမိတ်အကျယ်အဝန်းကို အတိအကျ သတ်မှတ်ပေးထားကြောင်း၊ လမ်းနယ်နိမိတ်များအတွင်း ကျူးကျော်ဝင်ရောက်မှုများ မဖြစ်စေရန် တာဝန်ရှိသူများက စနစ်တကျကိုင်တွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ဦးစားပေးဆောင်ရွက်

တိုင်းရင်းသားဒေသများနှင့် ပတ်သက်၍ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

## အကျိုးရှိရှိဆောင်ရွက်

မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များစုပေါင်းပြီး ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းထားကြောင်း၊ သို့ဖြစ်၍ ပြည်သူအားလုံး သာတူညီမျှ အေးအတူပူအမျှ ရရှိခံစားရမည် ဖြစ်သောကြောင့် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရေ၊ မြေ၊ သဘာဝ သယံဇာတများနှင့် အတတ်ပညာများရှိသည့်အတွက် အားလုံးဝိုင်းဝန်းကြိုးစားပါက ၅ နှစ်အတွင်း အာဆီယံတွင်အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ပိုမိုကြိုးစားပါက ၁၀ နှစ်အတွင်း အာဆီယံတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံ အဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစိုးရသည် ပြည်သူလူထုအတွက် အရိပ်ဖြစ်သဖြင့် အစိုးရ၏အရိပ်အောက်တွင် ပြည်သူများ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အစိုးရအနေဖြင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီမံကိန်းဥပဒေပါ စီမံကိန်းလုပ်ငန်းများကို အကျိုးရှိရှိ ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

## ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿတောင်ပိုင်းကမ်းခြေတို့ကို ကာလင်ဂါပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသော ဆိုင်ကလုန်းမုန်တိုင်း ဂူးလက်ပ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဖြစ်သည်။ အဆိုပါ အားကောင်းသော ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက်ခြောက်နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**

# ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ဖို့နဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနဲ့ ကမ္ဘာ့နိုင်ငံများကလည်း အထူးဂရုစိုက် ကြိုးစားဆောင်ရွက်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့-၂၀၂၁ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်အမှာစကား



ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် စက်တင်ဘာလ (၂၇) ရက်နေ့မှာ ကမ္ဘာတစ်ဝန်းရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံများမှာ ကျင်းပကြကြောင်း သိရှိရပါတယ်။ ဒီလိုကျင်းပရတဲ့ရည်ရွယ်ချက်က စီးပွားရေးဆိုင်ရာအကျိုးရှိမှု၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ သဘာဝအရင်းအမြစ်များ၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်နိုင်မှု၊ ပြည်သူလူထုအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနဲ့ အပြန်အလှန်နားလည်ရေး တည်ဆောက်နိုင်မှု စတဲ့ ခရီးသွားလုပ်ငန်းရဲ့ အရေးပါတဲ့ အကျိုးသက်ရောက်မှုတွေကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့ဖြစ်တယ်လို့ သိရှိရပါတယ်။

ခရီးသွားလုပ်ငန်းဟာ ၎င်းနဲ့တိုက်ရိုက်ပတ်သက်တဲ့ အလုပ်အကိုင်များဖြစ်တဲ့ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်တဲ့ကုမ္ပဏီများ၊ လေကြောင်းလိုင်းများနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ ကုန်စည်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အစားအသောက်နဲ့ သစ်သီးဝလံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အကျိုးအမြတ်များ ရရှိခံစားစေတာကို သတိပြုမိဖို့လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ အလုံးစုံ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုတဲ့နေရာမှာ ခရီးသွားလုပ်ငန်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်ပြီး အလုပ်အကိုင်နဲ့အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျော့နည်းစေနိုင်တယ်လို့လည်း ပြောနိုင်ပါတယ်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို **"ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး" (Tourism for Inclusive Growth)** ဆိုတဲ့ ဆောင်ပုဒ်နဲ့ ကျင်းပကြမှာဖြစ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ကဏ္ဍအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေတယ်ဆိုတာ ပိုမိုသိရှိကြစေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်က အရှိန်အဟုန်ကောင်းစွာနဲ့ တိုးတက်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှု ရပ်ဆိုင်းတာတွေ၊ နိုင်ငံတကာလေကြောင်းလိုင်းတွေရပ်ဆိုင်းတာတွေ၊ ခရီးသွားလာခွင့် ထိန်းချုပ်တာတွေကို လုပ်ဆောင်ခဲ့ရတဲ့အတွက် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံတကာပြည်ဝင်ခရီးစဉ်များ လုံးဝရပ်ဆိုင်းသွားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာ ဖြစ်ပေါ်ခဲ့တဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အကျပ်အတည်းဖြစ်ပြီး အပြည့်အဝ ပြန်လည်နာလန်ထူဖို့ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ် အလားတူကာလ ရောက်ရှိမှုနဲ့ နှိုင်းယှဉ်ရင် ၈၅ ရာခိုင်နှုန်း ကျဆင်းသွားတာကို တွေ့ရှိရပါတယ်။ အရေအတွက်အားဖြင့် သန်း ၄၆၀ လျော့နည်းသွားခြင်းဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းမှာ အဆိုးရွားဆုံး ကျဆင်းမှုဖြစ်ပါတယ်။

အာရှ- ပစိဖိတ်ဒေသကိုကြည့်ရင်၂၀၂၁ ခုနှစ်၊ ပထမ (၅)လအတွင်း နိုင်ငံတကာခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၉၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။ ဥရောပဒေသက ၈၅ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသက ၈၃ ရာခိုင်နှုန်း၊ အာဖရိကဒေသက ၈၁ ရာခိုင်နှုန်းနဲ့ အမေရိကဒေသက ၇၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals) ထဲမှ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျား/မတန်းတူညီမျှမှု၊ ကောင်းမွန်တဲ့အလုပ်အကိုင်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စတဲ့ ရည်မှန်းချက်တွေကို အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ဖြည့်ဆည်းပံ့ပိုးပေးခဲ့တဲ့ ခရီးသွားလုပ်ငန်းကဏ္ဍဟာ ယခုအချိန်မှာ ဒီလိုအခြေအနေမျိုးတွေကြောင့် မအောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လည်း ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ဖို့နဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနဲ့ ကမ္ဘာ့နိုင်ငံများကလည်း အထူးဂရုစိုက်ကြိုးစားဆောင်ရွက်လျက်ရှိနေကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ခရီးသွားလုပ်ငန်းများ မကြာခင်မှာ ပြန်လည်စတင်နိုင်ဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ဖို့ ပြည်တွင်းပြည်ပ ခရီးသွားများရဲ့ ယုံကြည်မှုကို တည်ဆောက်နိုင်ရေးဟာ အရေးပါတဲ့အတွက် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းမှာ ဝန်ဆောင်မှုပေးနေကြသူများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချပေးနေသလို၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပို့ဆောင်ရေးလုပ်ငန်းများကိုပါ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးစံနှုန်းများ၊ လမ်းညွှန်ချက်များနဲ့ ကိုက်ညီမှု ရှိ/မရှိစစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုအဖြစ် သတ်မှတ်တဲ့ (Health and Safety Protocol) အသိအမှတ်ပြုလက်မှတ်များကို ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်နဲ့ နိုင်ငံတကာအဆင့် သတ်မှတ်ပေးသွားဖို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားဆက်စပ်ဝန်ကြီးဌာနများရဲ့ ပံ့ပိုးကူညီမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားများရဲ့ ရွေးချယ်မှုများဟာ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး သီးခြားသွားရောက်ရတဲ့ ခရီးစဉ်များကို ပိုမိုရွေးချယ်လာကြမှာ ဖြစ်ပါတယ်။ လူနေထူထပ်များပြားတဲ့ မြို့ပြဒေသတွေ၊ နေရာတွေအစား လူနေထူထပ်မှုမရှိဘဲ လွတ်လပ်စွာသွားလာလည်ပတ်လို့ရမယ့် Nature Based Tourism၊ Ecotourism၊ Agri-tourism၊ Marine Tourism၊ Rural Tourism စတဲ့ခရီးစဉ်တွေကို ပိုမိုစိတ်ဝင်စား လည်ပတ်လာကြပါတယ်။

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးရှိပြီး တိုင်းရင်းသားလူမျိုးစုတိုင်းမှာ မတူညီတဲ့ ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ သက်ဝင်ယုံကြည်မှုတွေ၊ ရိုးရာပွဲတော်တွေနဲ့ ဒေသထွက်ပစ္စည်းများ၊ အစားအသောက်များ စတဲ့ အလွန်စိတ်ဝင်စားစရာတွေကို ပိုင်ဆိုင်ထားကြပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပေးဖို့၊ ကျေးလက်ဒေသနေပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း အထူးအလေးထားပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုပါတယ်။

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ လွန်စွာလှပတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝအလှများဟာ ခရီးသွားဧည့်သည်တွေအတွက် အလွန်ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဖျားဒေသတွေမှာ နှင်းဖုံးတဲ့တောင်တန်းတွေရှိသလို တောင်ဘက်စွန်းဒေသတွေမှာ ပင်လယ်ကမ်းခြေ အလှအပတွေ ကျွန်းစုတွေနဲ့ အလှအပပေါင်းစုံကို ခံစားရှုမြင်နိုင်တဲ့နိုင်ငံဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်စွန်းက မြိတ်ကျွန်းစုဒေသမှာလည်း ထူးခြားလှပတဲ့ ကမ်းခြေတွေရှိတဲ့ ကျွန်းတွေ၊ ရေအောက်သယံဇာတတွေနဲ့ အလှအပတွေ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့မှာရှိတဲ့ ကမ်းခြေဒေသတွေဟာလည်း ပြည်တွင်း/ ပြည်ပခရီးသွားတွေအတွက် ရွေးချယ်စရာနေရာတွေ ဖြစ်ပါတယ်။

"တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပေးဖို့၊ ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတဲ့ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း အထူးအလေးထားပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်"

*စာမျက်နှာ ၇ သို့*

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

## တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
### ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
### (၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်)
### (၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်)

၁။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် မြေပြန့် တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာလွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။

၂။ ထိုသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးပြန်လည်ရယူပေးနိုင်ခဲ့မှု၏ အစပျိုးမှုဖြစ်သည့် တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့သည်မှာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့သို့တိုင် ရောက်ရှိတော့မည်ဖြစ်ပါသည်။

၃။ ကျရောက်လာတော့မည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုတစ်ဝှမ်းလုံး ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာလျှင် ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဖြစ်ပါသဖြင့် အနာဂတ်တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ပါသည်။

၄။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းပီသစွာဖြင့် ခေတ်အဆက်ဆက်ကပင် ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေး အယူဝါဒကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားအရေးကွဲပြားမှု၊ အယူဝါဒရေး ကွဲပြားမှုများကတစ်ဆင့် အုပ်ချုပ်သူအစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခြင်းသည် ယနေ့တိုင်တည်ရှိနေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ ဇာစ်မြစ်ပင်ဖြစ်ပြီး ယခင်ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်များ၏ အကျိုးဆက်များကြောင့်လည်း ဖြစ်သည်။

၅။ မိမိတို့နိုင်ငံသည် နိုင်ငံ၏ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်မဆို သီးသန့်လူမျိုးစုတစ်ခုတည်း နေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကို စေ့စပ်ညှိနှိုင်းအဖြေရှာရာတွင် မိမိလူမျိုး၊ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိအဖွဲ့အစည်း တစ်ခုတည်းအတွက်ကိုသာ မကြည့်ဘဲ ပြည်ထောင်စုဆိုသည့်အမြင်၊ ပြည်ထောင်စုစိတ်ဓာတ်၊ We are Myanmar ဆိုသည့် တပေါင်းတစည်းတည်းစိတ်များဖြင့် ညှိနှိုင်းဆွေးနွေးမှသာ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူပြီးသည့်အချိန်မှစ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နဲ့ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ၎င်းလုပ်ငန်းစဉ်နှင့် ဦးတည်ချက်တို့၌ **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဟု အတိအလင်းကြေညာထားခဲ့ပြီး ၎င်းအတိုင်း လုပ်ဆောင်လျက်ရှိသည်။

၇။ တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး ထုတ်ပြန်ချက်များကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့အထိ ၂၀ ကြိမ် ထုတ်ပြန်ခဲ့ပြီး ယနေ့အထိ ၂ နှစ်နှင့် ၉ လကျော် အချိန်ကာလပေး၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါသည်။

၈။ တပ်မတော်မှထုတ်ပြန်ခဲ့သည့် ၎င်းကြေညာချက်များတွင် တပ်မတော်အနေဖြင့် **“ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံစေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့်အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်တန့်ပေးမည်”** ဟု အတိအလင်းကြေညာခဲ့ပြီးဖြစ်သည်။

၉။ ကမ္ဘာအနှံ့တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝှမ်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထုတ်ပြန်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထောက်ခံသည့်အနေဖြင့် အနည်းဆုံးရက် ၉၀ ကြာ အပစ်အခတ်ရပ်စဲရန်နှင့် COVID-19 ရောဂါတုံ့ပြန်ရေး အကူအညီပေးရန်အပါအဝင် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာ ကျင့်ဝတ်နှင့်အညီ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အပေါ်လိုက်နာရန် တာဝန်ရှိသည်ဟု ခံယူလျက် မြန်မာ့တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။

၁၀။ လက်ရှိအခြေအနေတွင် တစ်ကမ္ဘာလုံး၌ ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှစ၍ ယခုအထိ ခံစားနေရသောကာလဖြစ်ပါသည်။ ၎င်းကာလ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **“ ပြည်သူလူထု၏ အသက်ထက် အရေးကြီးတာ ဘာမှမရှိ ”** ဟူသောမူဝါဒဖြင့် တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ရှိသမျှခွန်အား၊ စွမ်းအားဖြင့် အားကုန်ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလ၊ ဇူလိုင်လ တတိယပတ်အတွင်း ရောဂါပိုး စစ်ဆေးခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းခန့်မှာ ပိုးတွေ့ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ ယခုစက်တင်ဘာလကုန်ပိုင်း၌ ရောဂါပိုးတွေ့ရှိသူ ၉ ရာခိုင်နှုန်းသာရှိတော့သဖြင့် ၃၀ ရာခိုင်နှုန်းကျော်ခန့် လျှော့ချနိုင်ခဲ့ပါသည်။

၁၁။ ကိုဗစ်-၁၉ ရောဂါသည် ဗီဇပြောင်းလဲနိုင်စွမ်းမြင့်မားသည့် ဗိုင်းရပ်စ်ရောဂါပိုးကို အခြေခံပြီး ဖြစ်ပွားပျံ့နှံ့သော ရောဂါဖြစ်၍ အလျင်းပျောက်ကင်းနိုင်သော ရောဂါ မဟုတ်ကြောင်း တွေ့ရှိရပါသည်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံး အချိန်အတိုင်းအတာတစ်ခုအထိ ဂရုပြုစောင့်ကြည့် ကာကွယ်၊ ထိန်းချုပ်ရမည့် ရောဂါဖြစ်သည်။

၁၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ASEAN အထူးကိုယ်စားလှယ်တို့ ဆွေးနွေးမှု ပြုလုပ်စဉ်တွင်လည်းကောင်း၊ EAO အဖွဲ့အချို့ကလည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထပ်မံတိုက်တွန်းလာခြင်းကိုလည်းကောင်း ကြိုဆိုပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့်လည်း မူလကတည်းက ရပ်စဲထားပြီးဖြစ်ပါသည်။ EAO များ တည်ရှိရာ ဒေသအတွင်းရှိ ပြည်သူများ၊ စစ်ဘေးရှောင်စခန်းများရှိ ပြည်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ၎င်းကဲ့သို့အခြေအနေမျိုးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို NLD ပါတီအစွန်းရောက်များ၊ NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်များက ကိုယ်ထိလက်ရောက် ဖုံးခွဲ၊ တိုက်ခိုက်၊ ပစ်ခတ်မှုဖြစ်စဉ်များ ရှိနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရှိရပါသည်။ ထို့အပြင် NUG နှင့် CRPH အကြမ်းဖက်အဖွဲ့ များအနေဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့၌ ပြည်သူလူထုအား စိုးရိမ် ထိတ်လန့်စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် အကြမ်းဖက်လုပ်ရပ်များကို လှုံ့ဆော်သည့် ကြေညာချက်တစ်ရပ်အား ထုတ်ပြန်ခဲ့ပြီး လက်တွေ့မြေပြင်၌လည်း အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား မိုင်းထောင်မိုင်းခွဲခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း တို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ၎င်းဖြစ်စဉ်များနှင့် အပြစ်မဲ့ပြည်သူများကို ၎င်းအကြမ်းဖက်အဖွဲ့များက သတ်ဖြတ်နှိပ်စက်နေမှုများကိုလည်း နိုင်ငံတကာအဖွဲ့အစည်း အားလုံးက သိရှိထားရန် လိုအပ်ပါသည်။

၁၄။ နိုင်ငံတော်အစိုးရအနေဖြင့် မကြာမီ ကျရောက်လာမည့် ၇၅ နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝှမ်းလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက် ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်အပ်ပါသည်။

၁၅။ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဤကြေညာချက်အား လက်တွေ့ အကောင်အထည်ဖော် ခိုင်မာနိုင်ရေး၊ စိန်ရတုပြည်ထောင်စုနေ့မတိုင်မီကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု ၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၅ မှ*

ဒီလိုသဘာဝခရီးစဉ်တွေအပြင် အပျော်စီးမီးရထား ခရီးစဉ်တွေ၊ မြစ်အတွင်းသင်္ဘော ခရီးစဉ်တွေ၊ တောတွင်းခရီးကြမ်း လမ်းလျှောက်တာတွေ၊ တောင်တက်ခရီးစဉ်တွေ စတဲ့ပြည်တွင်း ပြည်ပခရီးသွားတွေအတွက် ခရီးစဉ်အသစ်တွေ၊ ခရီးသွားမှု ပုံစံအသစ်တွေကို တီထွင်ကြံဆဖန်တီးဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဖို့အဘက်ဘက်က ကြိုးစားဆောင်ရွက်နေသလို တစ်ဖက်ကလည်း ခရီးသွားလုပ်ငန်းကရရှိလာမယ့် အကျိုးအမြတ်တွေကို ခရီးသွားလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ နယ်ပယ်အသီးသီးက ပြည်သူများကလည်း အချိုးညီမျှစွာရရှိစေရေးဟာလည်း အလွန်အရေးပါပါတယ်။

ခရီးသွားလုပ်ငန်းဟာ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံမတူညီတဲ့ လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်တာကြောင့် လူမှုရေးအရ ပိုမိုပေါင်းစည်းမှုကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဆောင်ရွက်ရာမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို သတိပြုဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ပြန်လည်ရှင်သန်ဦးမော့လာစေရေးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျရေးဟာ အလွန်အရေးကြီးပါတယ်။ လူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ရှိအဖွဲ့အစည်း အသိုက်အဝန်းအားလုံးက ကြပ်မတ်၊ ကူညီ၊ ပံ့ပိုးဆောင်ရွက်ပေးမှုများဟာ ခရီးသွားကဏ္ဍ အမြန်ရှင်သန်ရေးအတွက် အထောက်အကူပြုစေမှာပါ။ အားလုံးနဲ့သက်ဆိုင်တဲ့လုပ်ငန်း၊ အားလုံးအတွက် အကျိုးပြုတဲ့လုပ်ငန်းဖြစ်လို့ အလေးထားစေလိုပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးကာကွယ်ရေး လမ်းညွှန်ချက်များနဲ့အညီ ဌာနဆိုင်ရာများဘက်ကရော၊ ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်ကပါ ဘက်စုံ ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီအချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များကလည်း အလေးထားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကဏ္ဍများစွာနဲ့ ပတ်သက်ဆက်နွှယ်မှုရှိတဲ့အတွက် ပါဝင်လုပ်ကိုင်သူအားလုံးအတွက် အကျိုးအမြတ်ရှိစေမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံရဲ့စီးပွားရေးကို အထောက်အကူပြုသည်သာမက ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝ အမွေအနှစ်များကိုလည်း ထိန်းသိမ်းရာရောက်တဲ့အတွက် နိုင်ငံတော်ရဲ့ဦးစားပေးကဏ္ဍများအနက်မှာ အရေးပါတဲ့ကဏ္ဍအနေနဲ့လည်း ပါဝင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော **“ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး”** (Tourism for Inclusive Growth) နဲ့ လျော်ညီစွာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်းမှရရှိတဲ့ အခွင့်အလမ်းများနဲ့ အခြား လူမှုစီးပွားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နဲ့ ဒေသခံပြည်သူများအချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်ကြစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်။

# တရုတ်-အာဆီယံ အသက်မွေးဝမ်းကျောင်း ပညာရေးပြပွဲနှင့် ဖိုရမ်သည် ဒေသတွင်းစီးပွားရေးကို ပိုမိုတိုးမြှင့် ပူးပေါင်းလုပ်ဆောင်ရန်နှင့် အရည်အချင်းပြည့်ဝသော လုပ်သားများ ပေါ်ထွက်လာစေရန် အထောက်အပံ့ပြု

နေပြည်တော် စက်တင်ဘာ ၂၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ၂၀၂၁ခုနှစ် တရုတ်-အာဆီယံ အသက်မွေးဝမ်းကျောင်း ပညာရေးပြပွဲနှင့် ဖိုရမ်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်၍ Video Message ဖြင့် အမှာစကားပြောကြားသည်။** (ယာပုံ)




**အထောက်အပံ့ပြု**

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သက်မွေးပညာရေး စနစ်သည် အလုပ်အကိုင် အခွင့်အလမ်းကို ဦးတည်ပြုသော အသက်မွေးဝမ်းကျောင်းပညာရေး ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အတွက် လိုအပ်နေသော ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝသည့် လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်းသည် စက်မှုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချပေးနိုင်ခြင်းတို့ကို အထောက်အပံ့ပြုပါကြောင်း၊ သို့သော် ယခုအခါနေ့စဉ်နှင့်အမျှ နည်းပညာ အသစ်များ တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လျက်ရှိပါသဖြင့် အချို့သော အသက်မွေးဝမ်းကျောင်းနယ်ပယ်များတွင် အလုပ်အကိုင်သစ်များ ပေါ်ထွက်လာပြီး ကျွမ်းကျင်မှု အသစ်များလည်း လိုအပ်လာပါကြောင်း။

**နည်းလမ်းတစ်ခုဖြစ်**

သို့ရာတွင် ဤသို့ လုပ်ငန်းခွင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေး ဆောင်ရွက်ရာ၌ နိုင်ငံများစွာတွင် စိန်ခေါ်မှုများ ရှိပါကြောင်း၊ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံမှ အားကောင်းစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အစိုးရများ၊ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုအသိုင်းအဝိုင်းများ၏ အမြင်များ၊ ပံ့ပိုးကူညီမှုများ၊ ရန်ပုံငွေ ထောက်ပံ့မှုများသည် သင့်လျော်သည့် သက်မွေးပညာရေးစနစ်ကို ချမှတ်ဆောင်ရွက်ရန် အဓိက လိုအပ်ချက်ဖြစ်ပါကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် အဆိုပါ ကိစ္စရပ်များကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် နည်းလမ်းတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တရုတ်-အာဆီယံ အသက်မွေးဝမ်းကျောင်း ပညာရေး ပြပွဲနှင့် ဖိုရမ်သည် ဒေသတွင်း စီးပွားရေးကို ပိုမိုတိုးမြှင့်ပူးပေါင်း လုပ်ဆောင်ရန်နှင့် အရည်အချင်း ပြည့်ဝသော လုပ်သားများ ပေါ်ထွက်လာစေရန် အထောက်အပံ့ပြုသဖြင့် ကြိုဆိုပါကြောင်း၊ ဤဖိုရမ်သည် တရုတ်-အာဆီယံ အသက်မွေးဝမ်းကျောင်းပညာရေး ရေရှည်ပူးပေါင်း ဆောင်ရွက်မည့် နည်းလမ်းများကို မြှင့်တင်ရန်၊ အလေ့အကျင့် ကောင်းများကို ဝေမျှဆွေးနွေးရန် ပုံစံအမျိုးမျိုးဖြင့် အသေးစိတ် လက်တွေ့ကျကျ လေ့လာဆန်းစစ် ဆွေးနွေးကြမည်ဟု မျှော်လင့်ပါကြောင်း၊ တရုတ်နှင့် အာဆီယံတို့၏ ပူးပေါင်း ကြိုးပမ်းမှုဖြင့် ဤဖိုရမ်သည် အပြန်အလှန် လေ့လာသင်ယူမှုကို မြှင့်တင်သည့် ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းများကို ပြသပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ရလဒ်များအတွက် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော် ကြိုးပမ်း ဆောင်ရွက်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**အမှာစကားများ ပြောကြား**

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်၊ အာဆီယံနိုင်ငံများမှ ပညာရေးဆိုင်ရာအရာရှိများနှင့် ကွမ်းရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူတို့က အမှာစကားများ ပြောကြားကြသည်။

တရုတ်- အာဆီယံသက်မွေးပညာဆိုင်ရာ ဆွေးနွေးပွဲသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့မှ ပညာရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းရှီးကျွမ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံနှင့် အာဆီယံ နိုင်ငံများရှိ ကောလိပ် ၁၀၀ ကျော်မှ ကိုယ်စားလှယ်များနှင့် တရုတ်-အာဆီယံသက်မွေးပညာသင်တန်းသားများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းတို့လည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❊ ကပ်ရောဂါဘေး ထိန်းချုပ်နိုင်သည်နှင့် တစ်ပြိုင်တည်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက အဆင်သင့်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိ**

**❊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကပ်ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များအတွက် သင့်လျော်သည့် ဒေသများကို ဦးစားပေးအစီအစဉ်အလိုက်ရွေးချယ်ပြီး ပြည်တွင်းခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် အသင့်ပြင်ထားကြရမည်**

**❊ မြန်မာနိုင်ငံခရီးစဉ်ဒေသများကို** COVID Safe Destination **အဖြစ် နိုင်ငံတကာခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက်** Marketing, Promotion **နှင့်** Public Relations (PR) **ကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လိုအပ်**

❑ *ကျော်ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် အမှာစကားရုပ်သံ ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် အမှာစကားကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

### ဂုဏ်ယူဝမ်းမြောက်

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် စက်တင်ဘာ ၂၇ ရက်သည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါသော နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လူသားများသည် ခရီးသွားခြင်းကို နှစ်သက်ကြပြီး ကမ္ဘာ့နေရာအနှံ့အပြားသို့ ရှာဖွေစူးစမ်းသွားလာလိုကြကြောင်း၊ ထို့ကြောင့် လူသားအားလုံးပျော်ရွှင်စိတ်ချမ်းမြေ့မှု ရရှိခံစားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ကြရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် လူသားတိုင်းအတွက် လူမှုစီးပွားအကျိုးများစွာကို ဖန်တီးပေးနိုင်သဖြင့် ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော **“ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး”** (Tourism for Inclusive Growth) နှင့် များစွာကိုက်ညီမှုရှိသည်ဟု ပြောကြားလိုပါကြောင်း။

သို့သော် ယနေ့ကမ္ဘာ့နှင့်အဝှမ်း ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် အခြားသော စီးပွားရေး နယ်ပယ်အသီးသီးတွင် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းက စတင်ဖြစ်ပေါ်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် အချိန်ကာလအားဖြင့် နှစ်နှစ်နီးပါး ကြာမြင့်လာပြီဖြစ်သည့်အပြင် ဗီဇမျိုးကွဲများ များပြားလာပြီး ရောဂါကူးစက်မှု ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းနှင့် အချို့သော ကမ္ဘာ့နိုင်ငံများတွင် စတုတ္ထလှိုင်းအထိစတင်ကူးစက်ပျံ့နှံ့နေသည်ကိုလည်း သိရှိရပါကြောင်း။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်အထိ ကမ္ဘာ့လူဦးရေသန်းပေါင်း ၂၃၂ သန်းကျော်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းကို ခံခဲ့ရကြောင်းနှင့် သေဆုံးမှုစုစုပေါင်းသည် ၄ ဒသမ ၇ သန်းကျော်ရှိပြီး ပြန်လည်ကောင်းမွန်သူ ၂၀၉ သန်းကျော်ဖြစ်သည်ကို သိရပါကြောင်း၊ မြန်မာနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်တွင် ကူးစက်ခံရသူ ၁၅၃၄ ဦးရှိပြီး သေဆုံးသူ ၆၂ ဦး အပါအဝင် ယနေ့အထိ တစ်နိုင်ငံလုံးတွင် ၄ သိန်း ၅ သောင်းကျော်ရှိပြီး ဆေးရုံဆင်းသည့် အရေအတွက်သည် ၄ သိန်း ၁ သောင်းကျော်နှင့် သေဆုံးသူ ၁၇၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း။

### ကူးစက်မှုလုံးဝမဖြစ်ပေါ်စေရေး

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် အပါအဝင် နိုင်ငံတကာက ဆေးပညာရှင်များကလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေးနှင့် ထိရောက်သည့် ကာကွယ်ဆေး ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်သည့်အတွက် ကပ်ရောဂါထိန်းချုပ်နိုင်မည့်အချိန်ကို မှန်းဆသိရှိနိုင်ရန် မလွယ်ကူသော်လည်း မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်သော ကူးစက်မြန်ဒယ်လ်တာမျိုးကွဲ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက်အထိ ကူးစက်မှုနှုန်းသည် ၈ ဒသမ ၃၂ ရာခိုင်နှုန်းသာ ရှိတော့သည်ကို တွေ့ရကြောင်း၊ ဆက်လက်၍ ၅ ရာခိုင်နှုန်းအောက် ကျဆင်းရေး၊ ထိုမှတစ်ဆင့် ကူးစက်မှု လုံးဝမဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဆေးထိုးနှံမှုနှင့် ကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်တွင် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးနှံပြီးစီးရေး ရည်မှန်းချက်ထားပြီး ကာကွယ်ဆေး ထိုးနှံလျက်ရှိသည့်အပြင် ပညာသင်အရွယ် ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် မထိခိုက်စေရေး၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။ တစ်ဦးနဲ့တစ်ဦး Social Distancing ဖြင့်နေထိုင်ခြင်း၊ နှာခေါင်းစည်း mask၊ မျက်နှာအကာ face shield များကို စနစ်တကျ တပ်ဆင်ခြင်းစသည့် ကိုဗစ်ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးဆိုင်ရာ (SOP) လိုက်နာစရာများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်နေပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်လာနိုင်ပြီး ခရီးသွားလုပ်ငန်းအပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းများကိုလည်း အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### နည်းပညာအကူအညီများပံ့ပိုး

ကပ်ရောဂါဘေး ထိန်းချုပ်နိုင်သည်နှင့် တစ်ပြိုင်တည်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက အဆင်သင့်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိနေကြသည်ကိုသိရှိရကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက ခရီးသွားလုပ်ငန်းများ ပြန်လည် စတင်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအကူအညီများပံ့ပိုး ပေးလျက်ရှိနေကြသည်ကိုလည်း တွေ့ရကြောင်း။ အထူးသဖြင့် နိုင်ငံအသီးသီးက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး အစီအစဉ်များကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး လမ်းညွှန်ချက်များနှင့် အစီအမံများကို မှီငြမ်းကိုးကားနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံစားနေရရုံသာမက လတ်တလော ဖြစ်ပွားနေသော အခြေအနေများကြောင့် အခြားသော နိုင်ငံများထက် ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများကို နှစ်ဆ၊ သုံးဆ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဟူသော အခန်းကဏ္ဍများ အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းယန္တရားကြီး အရှိန်အဟုန်ဖြင့် အမြန်ဆုံး လည်ပတ်နိုင်မည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော ခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မှုနှင့် အချိန်ကိုက် အမြန်ဆုံးပြန်လည်စတင်ဆောင်ရွက်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြသူများ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ကိုဗစ်အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်ရာတွင်လည်း နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးသည် မိမိတို့နိုင်ငံတစ်ခုတည်း အခြေအနေဖြင့် ဆောင်ရွက်၍မရသည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်း Domestic tourism မှ စတင်ဆောင်ရွက်ရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်ကပ်ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များအတွက် သင့်လျော်သည့် ဒေသများကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ပြီး ပြည်တွင်းခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် ယခုမှစ၍ အသင့်ပြင်ထားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာ လေကြောင်းလိုင်းများနှင့် နိုင်ငံတကာဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအပေါ်မူတည်၍ Inbound tourism ပြန်လည်စတင်နိုင်ရေးအတွက် အဓိကကျသော ပြည်ဝင်ခွင့် Visa ဆိုင်ရာကိစ္စရပ်များနှင့် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထားအပါအဝင် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်ကန့်သတ်ချက်များကို စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင်မြန်မာ့ခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားသည့် နိုင်ငံများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင်မြန်မာနိုင်ငံခရီးစဉ်ဒေသများကို COVID Safe Destination အဖြစ် နိုင်ငံတကာခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် Marketing, Promotion နှင့် Public Relations (PR) ကိစ္စရပ်များကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် Digital နည်းပညာကို အသုံးပြု၍ Marketing, Promotion နှင့် PR ကိစ္စရပ်များကို ဆောင်ရွက်ခြင်းသည် မိမိပေးလိုသော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေမည်ဖြစ်ပြီး Offline သို့မဟုတ် Physical/In person နည်းဖြင့် ဆောင်ရွက်မှုသည်လည်း ထိရောက်မှုရှိသည့်အတွက် Online/Offline နှစ်မျိုးစလုံးကို အသုံးပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မြန် ဒယ်လ်တာရောဂါပိုးကူးစက်မှု ထိန်းချုပ်လာနိုင်သည်နှင့်အမျှ မြန်မာ့ခရီးသွားလုပ်ငန်းများ အမြန်ဆုံးအရှိန်အဟုန်ဖြင့် စတင်လည်ပတ်နိုင်ရေးအတွက် ကော်မတီဝင်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တတ်သိပညာရှင်များနှင့် ဒေသခံများပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် Focal Mini–stry ဖြစ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ရေးဆွဲထားသည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap– MTSRR 2021–2025) တွင် ပါဝင်သော လတ်တလော၊ ကာလလတ်နှင့် ကာလရှည် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် မူတည်၍ အကောင်အထည် ဖော်ဆောင်ရွက်၍ ရနိုင်သမျှ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

### ဘက်စုံဖွံ့ဖြိုးတိုးတက်

ယခု ၂၀၂၁ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော **“ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး”** ဟူသော ဆောင်ပုဒ်အတိုင်း ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် Secretary General Mr.Zurab Pololikashvili ၏ သတင်းစကား ရုပ်သံဗီဒီယိုကို ပြသသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အထင်ကရနေရာများကို 360 ဒီဂရီ Virtual Reality Tour ဖြင့် မိတ်ဆက်တင်ပြသည်။

ထို့နောက် ဒေါ်ကြည်ကြည်အေး၊ ဒေါက်တာလူမွန်၊ ဦးဇော်ဖြိုးဝေ၊ ဦးမျိုးမင်းဇော်၊ ဦးနောင်နောင်လတ်နှင့် ဒေါ်ခိုင်မီမီထွန်းတို့က Tourism For Inclu–sive Growth ; Rebuilding Resilient Tourism in Myanmar ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MRTV စိန်ရတုပြတိုက်တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသသွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့ညနေပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ MRTV စိန်ရတုပြတိုက် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး MRTV ဝန်ထမ်းများက တင်ဆက်ပြသမည့် အဥ္စလီအငြိမ့် ရိုက်ကူးရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

### သမိုင်းအစဉ်အလာကြီးမား

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် MRTV စိန်ရတုပြတိုက် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ပြတိုက် အဆောက်အဦ ဆောက်လုပ်ပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ပြတိုက်တွင် ခင်းကျင်းပြသရန်လျာထားမှုအားလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သမိုင်းအစဉ် အလာကြီးမားသော ဌာနကြီးတစ်ခုဖြစ်သည်နှင့်အညီ ခေတ်အဆက်ဆက်တွင် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့မှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အားကိုးရသော ဝန်ဆောင်မှု ပေးခြင်းတို့ကို ပေါ်လွင်အောင် ခင်းကျင်းပြသနိုင်ရေး စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း MRTV စိန်ရတုပြတိုက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အဆောက်အဦမှာ အရွယ်အစား အလျားပေ ၁၀၀၊ အနံ ၇၅ ပေ၊ အမြင့် ၂၆ ပေရှိသော RC နှစ်ထပ် အဆောက်အဦဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ ၎င်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော စက်ပစ္စည်းများ၊ တူရိယာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပုံစံငယ်များ၊ စတူဒီယိုများဖြင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MRTV ဧည့်ခန်းမတွင် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် MRTV Auditorium ခန်းမတွင် MRTV ဝန်ထမ်းများက တင်ဆက်ပြသမည့် "အဥ္စလီအငြိမ့်" ရိုက်ကူးရေးအားကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### "အဥ္စလီအငြိမ့်" အဖွဲ့ဖြင့် တင်ဆက်ပြသမည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူများ ပျော်ရွှင်မှုရရှိစေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ယခုအခါ အပတ်စဉ်စနေနေ့ ညပိုင်းတွင် အငြိမ့်သဘင် ဖျော်ဖြေမှုဖြင့် တင်ဆက်လျက်ရှိရာ လာမည့် အောက်တိုဘာလ ၁ ရက် ညပိုင်းတွင် MRTV မှ ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်မည့် "အဥ္စလီအငြိမ့်" အဖွဲ့ဖြင့် တင်ဆက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ ပျော်ရွှင်မှုရရှိစေရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အပတ်စဉ် သောကြာနေ့ညတိုင်းတွင် တေးဂီတ ဖျော်ဖြေပွဲများဖြင့်လည်းကောင်း၊ အပတ်စဉ် စနေနေ့ညပိုင်းတွင် အငြိမ့်သဘင်ဖျော်ဖြေမှုဖြင့်လည်းကောင်း၊ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများကို ညစဉ် ည ၇ နာရီ နောက်ပိုင်းတွင်လည်းကောင်း၊ စတီရီယိုနှင့် ခေတ်ပေါ်မြန်မာတေးသီချင်းများကို ညနေ ၆ နာရီ နောက်ပိုင်းမှ စတင်၍လည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိပြီး ပိုမိုကောင်းမွန် ဆန်းသစ်သည့် ဖျော်ဖြေမှုအစီအစဉ်များကို ပိုမိုထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# တိရစ္ဆာန်အစာပင် ပြောင်းစိုက်ခင်းရိတ်သိမ်းခြင်းနှင့် ပြောင်းချဉ်ဖတ်ပြုလုပ်ခြင်း သရုပ်ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

**တိရစ္ဆာန်အစာပင် ပြောင်းစိုက်ခင်း ရိတ်သိမ်းခြင်းနှင့် ပြောင်းချဉ်ဖတ်ပြုလုပ်ခြင်း သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် သဲကောလေးကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်အတွင်းရှိ တောင်သူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုးနှင့် ဒေါက်တာပွင့်ဆန်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူများက တိရစ္ဆာန်အစာပင်ပြောင်းစိုက်ခင်းကို ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းခြင်း၊ ပြောင်းချဉ်ဖတ်ပြုလုပ်ခြင်း လုပ်ငန်းများ၊ ပြောင်းချဉ်ဖတ်ပြုလုပ်၍ တိရစ္ဆာန်အစာအဖြစ် ပြည်ပတင်ပို့ခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် တိရစ္ဆာန်အစာပင် ပြောင်းစိုက်ခင်းကို ခေတ်မီစက်ကိရိယာများဖြင့် ရိတ်သိမ်းနေမှု၊ ပြောင်းချဉ်ဖတ် လက်တွေ့ပြုလုပ်နည်းအမျိုးမျိုး ဆောင်ရွက်နေမှု၊ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များ ထုပ်ပိုးစက်ဖြင့် စနစ်တကျ ထုပ်ပိုးနေမှုများ၊ ပြောင်းစိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ အသုံးပြုနိုင်သော လယ်ယာသုံး စက်ကိရိယာများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြပွဲ အခမ်းအနားတွင် ဒေသနေတောင်သူများနှင့် တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူအစုအဖွဲ့ သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးနှင့် လိုအပ်သောစက်ကိရိယာများကို ဈေးနှုန်းချိုသာစွာ အရစ်ကျငွေချေစနစ်ဖြင့် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဈေးကွက်ကသတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ပြီး တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များအား ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေး ဆိုင်ရာများကို လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိရစ္ဆာန်အစာ ချဉ်ဖတ်ပြုလုပ်ထိန်းသိမ်းခြင်းဖြင့် အချို့ဒေသများတွင် (၂) နှစ် သိမ်းဆည်းကျွေးမွေးနိုင်ပြီး အအေးပိုင်းဒေသများတွင် နှစ်ပေါင်း (၂၀) အထိ သိမ်းဆည်းထားနိုင်ကြောင်း၊ အစာချဉ်ဖတ်ကို ကျွေးမွေးခြင်းဖြင့် နို့ညှစ်နွားမများတွင် နို့ထုတ်လုပ်မှု မြင့်မားလာစေခြင်း၊ နို့ခွဲနွားငယ်များတွင် ကြီးထွားနှုန်း မြင့်မားလာစေခြင်း၊ ခိုင်းကျွဲ၊ ခိုင်းနွားများတွင် လုပ်အားစွမ်းအင် တိုးမြှင့်လာစေခြင်းနှင့် အသားစားနွားများတွင် အသားတက်နှုန်း မြင့်မားလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ တင်ပို့ခြင်း လုပ်ငန်းအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့သူ လုပ်ငန်းရှင်များ သိရှိလိုက်နာရန် လိုအပ်သည့် အချက်များကို ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထပ်မံသိရှိလိုသည်များနှင့် အကူအညီများရယူ ဆောင်ရွက်လိုပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံးများတွင် ဆက်သွယ် ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

**တက္ကသိုလ် မောင်ရှုပ**

*ယမန်နေ့မှအဆက်*

မစ္စတာ တာရို ကိုနိုက သူသာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ် ဖြစ်လာခဲ့ရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်ဖို့အတွက် နိုင်ငံတွင်း ဒေသအလိုက် lockdown ချမှတ်နိုင်ဖို့ ဥပဒေပိုင်းဆိုင်ရာပြင်ဆင်မှုတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ဒါ့အပြင် ကိုဗစ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုရှိတဲ့ စီးပွားရေးလုပ်ငန်းငယ်တွေကို နစ်နာကြေးထောက်ပံ့ပေးရာမှာ မြန်ဆန်သွက်လက်မှုရှိစေဖို့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုသွားမှာဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍမှာလည်း ဒစ်ဂျစ်တယ် နည်းပညာကို အားပေးမြှင့်တင်သွားဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ကာကွယ်စောင့်ရှောက်တဲ့ အစိမ်းရောင်နည်းပညာ (Green technology) တီထွင်ကြံဆဖန်တီးရေးကို ဖော်ဆောင်သွားမှာ ဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍမှာ ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ရဲ့ စွမ်းရည်ကို ဆိုက်ဘာနည်းပညာကဏ္ဍနဲ့ အာကာသကဏ္ဍတွေမှာ မြှင့်တင်သွားမှာဖြစ်ကြောင်း၊ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ခေတ်နဲ့အညီ ပြင်ဆင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားထားပါတယ်။




အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းလေးဦး။



အယ်လ်ဒီပီပါတီ ခေတ္တအထွေထွေအတွင်းရေးမှူး မစ္စ ဆေကိုနိဒါ။

**မစ္စ ဆေကို နိဒါ (Ms. Seiko Noda)**

အသက် ၆၁ နှစ်ရှိပြီဖြစ်တဲ့ မစ္စ ဆေကို နိဒါဟာ ဆိုဖီယာတက္ကသိုလ်က ယဉ်ကျေးမှုဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ ဂီဖူးမဲဆန္ဒနယ်ကနေ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ စာပို့တိုက်လုပ်ငန်းဆိုင်ရာ ဒုတိယဝန်ကြီး၊ ၁၉၉၈ ခုနှစ်မှာ စာတိုက်နဲ့ဆက်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်တွေ အသီးသီးထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ အယ်လ်ဒီပီပါတီ၊ မူဝါဒရေးရာ သုတေသနကောင်စီရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ ပါတီဒုတိယအထွေထွေအတွင်းရေးမှူးတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ဝန်ကြီးချုပ် ယာဆူအို ဖူကူဒါအစိုးရနဲ့ ဝန်ကြီးချုပ် တာရို အာဆို အစိုးရအဖွဲ့တွေမှာ စားသုံးသူရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အယ်လ်ဒီပီပါတီ၊ ခေတ္တအထွေထွေအတွင်းရေးမှူး တာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။

မစ္စ ဆေကို နိဒါက သူသာ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ် ဖြစ်လာခဲ့ရင် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ဖို့အတွက် နိုင်ငံတွင်း စီးပွားရေးဆိုင်ရာ လုပ်ငန်းအချို့ကို ဝန်ဆောင်မှုအချိန်လျှော့ချနိုင်ဖို့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေသွားမှာဖြစ်ပြီး နိုင်ငံအတွင်း lockdown ချမှတ်တာကို ဆန့်ကျင်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ခံနေရသူတွေအတွက် ခုတင်လုံလောက်မှုရှိစေဖို့ ယာယီဆေးကုသရေးစင်တာတွေကို တည်ဆောက်သွားမှာဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍမှာ နိုင်ငံရဲ့ပညာရေးနဲ့ ကလေးသူငယ်များအတွက် အမြောက်အမြား ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးမှာ ဂျပန်နိုင်ငံရဲ့ ငြိမ်းချမ်းရေး အခြေပြုမူဝါဒကို မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို အခြေပြုဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားထားပါတယ်။

**ကိုယ်စားလှယ်လောင်းများအပေါ် ထောက်ခံမှုစစ်တမ်း ကောက်ယူခြင်း**

အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားကြမယ့် ကိုယ်စားလှယ်လောင်းတွေနဲ့ ပတ်သက်ပြီး အယ်လ်ဒီပီပါတီ လွှတ်တော်အမတ်တွေနဲ့ အယ်လ်ဒီပီပါတီဝင်တွေရဲ့ ထောက်ခံမှုစစ်တမ်းတစ်ရပ်ကို ယိုမီယူရီရှင်ဘွန်းသတင်းဌာနက ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့နဲ့ ၁၉ ရက်နေ့တွေမှာ ကောက်ခံခဲ့ပါတယ်။ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ မဲပေးခွင့်ရှိတဲ့ အယ်လ်ဒီပီပါတီဝင် ၁၅၁၄ ဦးကို ကောက်ယူတဲ့ စစ်တမ်းမှာ ၄၁ ရာခိုင်နှုန်းက တာရို ကိုနို၊ ၂၂ ရာခိုင်နှုန်းက ဖူမီယို ကီရှီဒါ၊ ၂၀ ရာခိုင်နှုန်းက မစ္စ တာကာချီ ဆာနာအဲ၊ ၆ ရာခိုင်နှုန်းက မစ္စ ဆေကို နိဒါတို့ကို ထောက်ခံသွားမှာဖြစ်ကြောင်း ဆန္ဒပြုခဲ့ကြပါတယ်။ အယ်လ်ဒီပီပါတီ လွှတ်တော်အမတ် ၂၆၄ ဦးကို ကောက်ယူတဲ့စစ်တမ်းမှာ ဖူမီယို ကီရှီဒါက ၉၄ မဲနဲ့ မဲအများဆုံးရရှိပြီး တာရို ကိုနိုက ၈၃ မဲနဲ့ ဒုတိယ၊ မစ္စ တာကာချီ ဆာနာအဲက ၇၁ မဲနဲ့ တတိယနဲ့ မစ္စ ဆေကို နိဒါက ၁၆ မဲနဲ့ စတုတ္ထအသီးသီး ဆန္ဒပြုခဲ့ကြပါတယ်။ စစ်တမ်းမှာ ပါဝင်ဆန္ဒပြုသူတွေရဲ့ ၂၅ ရာခိုင်နှုန်းက ၎င်းတို့ထောက်ခံတဲ့ ကိုယ်စားလှယ်လောင်းရဲ့ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်လိုတဲ့ ဆန္ဒပြင်းပြမှုကြောင့် ထောက်ခံတာဖြစ်ကြောင်း၊ ၂၃ ရာခိုင်နှုန်းက ၎င်းတို့ထောက်ခံတဲ့ ကိုယ်စားလှယ်လောင်းရဲ့ ဆောင်ရွက်သွားမယ့် မူဝါဒတွေကြောင့် ထောက်ခံတာဖြစ်ကြောင်း၊ ကျန် ၁၃ ရာခိုင်နှုန်းကတော့ ၎င်းတို့ထောက်ခံတဲ့ ကိုယ်စားလှယ်လောင်းအပေါ် ယုံကြည်မှုကြောင့် ထောက်ခံတာဖြစ်ကြောင်း ဖြေကြားခဲ့ကြပါတယ်။

> **❖ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ မဲပေးခွင့်ရှိတဲ့ အယ်လ်ဒီပီပါတီဝင် ၁၅၁၄ ဦးကို ကောက်ယူတဲ့ စစ်တမ်းမှာ ၄၁ ရာခိုင်နှုန်းက တာရို ကိုနို၊ ၂၂ ရာခိုင်နှုန်းက ဖူမီယို ကီရှီဒါ၊ ၂၀ ရာခိုင်နှုန်းက မစ္စ တာကာချီ ဆာနာအဲ၊ ၆ ရာခိုင်နှုန်းက မစ္စ ဆေကို နိဒါတို့ကို ထောက်ခံသွားမှာဖြစ်ကြောင်း ဆန္ဒပြုခဲ့ကြ**

**အယ်လ်ဒီပီပါတီဥက္ကဋ္ဌ မဲပေးရွေးချယ်မှုစနစ်**

အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် အယ်လ်ဒီပီပါတီဝင် လွှတ်တော်ကိုယ်စားလှယ် ၃၈၂ ဦးက တစ်ဦးလျှင်တစ်မဲနဲ့ ၃၈၂ မဲ၊ အယ်လ်ဒီပီပါတီဝင်တွေရဲ့ ထည့်ဝင်မဲတွေအပေါ် ရာခိုင်နှုန်းနဲ့ တွက်ချက်ထည့်ဝင်မယ့် မဲ ၃၈၂ မဲ၊ စုစုပေါင်း ၇၆၄ မဲနဲ့ ဆုံးဖြတ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ စုစုပေါင်း မဲအရေအတွက်ရဲ့ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်သော မဲအရေအတွက် မရရှိခဲ့ရင် မဲအများဆုံးရရှိတဲ့ ကိုယ်စားလှယ်လောင်းနှစ်ဦးကို ဒုတိယအကြိမ် မဲပေးရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် မဲပေးရာမှာ အယ်လ်ဒီပီ လွှတ်တော်ကိုယ်စားလှယ် ၃၈၂ ဦးရဲ့ တစ်ဦးလျှင်တစ်မဲနဲ့ ၃၈၂ မဲ၊ ဂျပန်နိုင်ငံရဲ့ ပြည်နယ်အလိုက် တစ်ပြည်နယ်က အယ်လ်ဒီပီပါတီမဲ တစ်မဲနဲ့ ၄၇ ပြည်နယ်က ၄၇ မဲ စုစုပေါင်း ၄၂၉ မဲနဲ့ မဲအများဆုံး ရရှိသူကို ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

**သုံးသပ်ချက်**

အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်မှုကို စက်တင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့အခါ အယ်လ်ဒီပီပါတီဝင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ၃၈၂ မဲ၊ အယ်လ်ဒီပီ ပါတီဝင်တွေရဲ့ ထည့်ဝင်မဲတွေအပေါ် ရာခိုင်နှုန်းနဲ့ တွက်ချက်ထည့်ဝင်မယ့် မဲ ၃၈၂ မဲ စုစုပေါင်း ၇၆၄ မဲနဲ့ ဆုံးဖြတ်ရွေးချယ်သွားမှာဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရာထူးရွေးချယ်ပြီးတာနဲ့ အောက်တိုဘာလ ၄ ရက်နေ့မှာ လွှတ်တော်အထူးအစည်းအဝေးခေါ်ယူပြီး အယ်လ်ဒီပီပါတီဥက္ကဋ္ဌကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်သွားဖို့ရှိပါတယ်။ တစ်ဆက်တည်း နိုဝင်ဘာလ ၇ ရက် (သို့မဟုတ်) ၁၄ ရက်နေ့တစ်ရက်ရက်မှာ အောက်လွှတ်တော် ရွေးကောက်ပွဲတွေကို ကျင်းပပြုလုပ်သွားဖို့ ရှိပါတယ်။ ဒါကြောင့် အောက်လွှတ်တော်ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေအနေနဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ရဲ့ ဦးဆောင်မှုအောက်ကနေ ဝင်ရောက်ယှဉ်ပြိုင်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီအချက်ဟာ ယခုနှစ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူး ရွေးချယ်မှုအတွက် များစွာသက်ရောက်မှု ရှိတာကို တွေ့မြင်ရပါတယ်။

ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆူဂလက်ထက်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်မှုနဲ့ ပတ်သက်ပြီး ထိရောက်အောင်မြင်မှုမရှိဘူးလို့ အများစုက ရှုမြင်ကြပါတယ်။ ဒါ့အပြင် အစိုးရရဲ့ မူဝါဒတွေကို ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာချပြမှု အားနည်းတယ်လို့လည်း မြင်ကြတဲ့အတွက် ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆူဂအပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုနှုန်းဟာ ၃၀ ရာခိုင်နှုန်းအောက်အထိ ကျဆင်းခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဧပြီလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ ဟော့ကိုင်းဒိုး၊ ဟီရိုရှီးမား၊ နာဂါနိုမြို့ကြားဖြတ်ရွေးကောက်ပွဲတွေနဲ့ ဩဂုတ်လအတွင်း ယိုကိုဟားမားမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြို့တော်ဝန် ရွေးကောက်ပွဲတွေမှာ အတိုက်အခံ CDPJ ပါတီ ကိုယ်စားလှယ်တွေက အနိုင်ရရှိခဲ့တာကြောင့်

*စာမျက်နှာ ၁၁ သို့*







## ဘီးလင်းမြို့နယ်၌ ရေဘေးသင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာထောက်ပံ့

ဘီးလင်း စက်တင်ဘာ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ယခုနှစ်ဇူလိုင်လနှင့်ဩဂုတ်လများအတွင်းက ဘီးလင်းမြစ်ရေလျှံတက်လာမှု ကြောင့် ရပ်ကွက်နှင့်ကျေးရွာအချို့တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့် ကျွဲ၊ နွားများအတွက် တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနီနီမော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသိုက်ထွန်းနှင့် တာဝန်ရှိသူများက ရေဘေးဒဏ်ခံခဲ့ရသည့် မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စုလေးစုတို့မှ ကျွဲ ၁၁၇၄ ကောင် နှင့် နွား ၁၄၄၂ ကောင် တို့အတွက် အစာအိတ် ၅၀၀ အား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွေမှာ အခြေခိုင်မှုမရှိသေးတဲ့ လူလတ်ပိုင်း လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူလူထု ကြိုက်နှစ်သက်မယ့်၊ ပါတီတွင်း ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်မယ့် မျက်နှာသစ် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ပါတီဥက္ကဋ္ဌ ဖြစ်လာစေဖို့ လိုလားလျက်ရှိကြပါတယ်။

ဒါကြောင့် ယခုနှစ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်ရာမှာ ပါတီတွင်းရှိ Kishida faction ကလွဲရင် ကျန်အစုအဖွဲ့ (faction) တွေအနေနဲ့ ၎င်းတို့ရဲ့ အဖွဲ့ဝင်တွေကို မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ပြုထားတယ်လို့ သိရှိရပါတယ်။ ကိုယ်စားလှယ်လောင်းလေးဦးအနက် အယ်လ်ဒီပီပါတီ ခေတ္တအထွေထွေအတွင်းရေးမှူး မစ္စ ဆေကို နိုဒါကလွဲရင် ကျန်ကိုယ်စားလှယ်သုံးဦးဟာ စစ်တမ်းတွေအရ ထောက်ခံသူ အသင့်အတင့်ရှိကြပြီး မဲအရေအတွက် ကွာခြားမှု ကြီးကြီးမားမား မရှိတာကို တွေ့မြင်နိုင်ပါတယ်။ မစ္စ တာကာချီ ဆာနာအဲဟာ အယ်လ်ဒီပီပါတီတွင်း ဩဇာကြီးမားတဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ဦးဆောင်တဲ့ Hosoda faction ရဲ့ ထောက်ခံမှုကို ရရှိထားသူဖြစ်ပြီး သဘောထား တင်းမာသူ နိုင်ငံရေးသမားတစ်ဦး ဖြစ်ပါတယ်။ ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေး အဆင်မပြေဖြစ်နေတဲ့ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့နဲ့ ဆက်ဆံရေးမှာ အခက်အခဲတွေ ပိုမိုရှိလာနိုင်ပါတယ်။ ဒါ့အပြင် တရုတ်တိုင်ပေရဲ့ ခေါင်းဆောင် Tsai In-wen နဲ့ စက်တင်ဘာလ ၂၀ ရက်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ဆွေးနွေးမှုပြုလုပ်ခဲ့တာဟာ ဂျပန်နိုင်ငံရေးလောကမှာ ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။




အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းလေးဦးအပေါ် ပါတီဝင်များ၏ ထောက်ခံမှုစစ်တမ်း။

ကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ မစ္စတာ ဖူမီယို ကီရှီဒါ နဲ့ မစ္စတာ တာရို ကိုနိုတို့ကတော့ အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံကြောင့် နိုင်ငံရဲ့လုံခြုံရေးအပေါ် ဖိအားနဲ့သက်ရောက်မှုတွေ ပိုမိုများပြားလာတာကို လက်ခံကြပေမယ့် ဂျပန်နဲ့ တရုတ် နှစ်နိုင်ငံခေါင်းဆောင်တွေ အကြား ပုံမှန်ထိတွေ့ဆွေးနွေးမှုရှိခြင်းဟာ နှစ်နိုင်ငံအကြား တင်းမာမှုတွေကို လျှော့ချနိုင်မယ်လို့ ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားထားကြပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ နိုင်ငံတကာ ဆက်ဆံရေးမှာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်တွေ့ကျတဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်နိုင်သူတွေကိုသာ ဦးစားပေးရွေးချယ်လေ့ရှိတဲ့အတွက် မစ္စတာ ဖူမီယို ကီရှီဒါ နဲ့ မစ္စတာ တာရို ကိုနိုတို့ဟာ အလားအလာကောင်းသူတွေလို့ သုံးသပ်နိုင်ပါတယ်။ အထူးသဖြင့် ယခင်ဝန်ကြီးချုပ် Junichiro Koizumi ရဲ့ သားဖြစ်ပြီး လက်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ထမ်းဆောင်နေတဲ့ (အယ်လ်ဒီပီပါတီရဲ့ အနာဂတ် ဝန်ကြီးချုပ်အဖြစ် လျာထားတဲ့) အသက် ၄၂ နှစ်အရွယ် Shinjiro Koizumi နဲ့ ကာကွယ်ရေး ဝန်ကြီးဟောင်း Shigeru Ishiba တို့က မစ္စတာ တာရို ကိုနို ကို ထောက်ခံကြောင်း ပြောကြားထားတဲ့အတွက် မစ္စတာ တာရို ကိုနို ဟာ လူငယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပါတီဝင်များရဲ့ ထောက်ခံမှုကို ပိုမိုရရှိနိုင်မယ့် အနေအထားမှာရှိပါတယ်။ ဒါပေမယ့် ဂျပန်နိုင်ငံမှာ အဏုမြူစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အားမပေးတဲ့ မစ္စတာ တာရို ကိုနိုရဲ့ မူဝါဒနဲ့ ပတ်သက်ပြီး အယ်လ်ဒီပီပါတီဝင်အချို့အကြား၊ အထူးသဖြင့် ပါတီတွင်း အစု အဖွဲ့ ခေါင်းဆောင်တွေအကြားမှာ မနှစ်သက်သူတွေလည်း ရှိနေပါတယ်။

သတင်းဌာနတွေက ကောက်ယူခဲ့တဲ့ စစ်တမ်းတွေကို ပြန်လေ့လာကြည့်ရင် လက်ရှိအခြေအနေမှာ မစ္စတာ တာရို ကိုနိုဟာ ဆန္ဒပြုသူအများစုရဲ့ ထောက်ခံမှုကို ရရှိထားတဲ့အတွက် အလားအလာကောင်းသူတစ်ဦးလို့ သုံးသပ်နိုင်ပါတယ်။ ဒါပေမယ့် ကျန်ကိုယ်စားလှယ်နှစ်ဦးကို ကြည့်ရင် မစ္စတာ ဖူမီယို ကီရှီဒါ ဟာ ပါတီတွင်းမှာရော၊ အစိုးရအဖွဲ့မှာပါ လုပ်ငန်းတာဝန်တွေ ကြီးကြီးမားမား ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေ များပြားပြီး တည်ငြိမ်မှုရှိသူတစ်ဦး ဖြစ်တယ်လို့ ရှုမြင်ကြတဲ့အတွက် အလားအလာကောင်းသလို မစ္စ တာကာချီ ဆာနာအဲ ဟာလည်း ဂျပန်နိုင်ငံရေးလောကမှာ ဩဇာကြီးမားတဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးရဲ့ ထောက်ခံမှုကို ရရှိထားသူဖြစ်လို့ ထိုက်သင့်တဲ့ထောက်ခံမှုကို ရရှိမယ့် အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ထောက်ခံမဲတွေ ပြန့်သွားမယ့် အလားအလာတွေလည်း တွေ့မြင်နေရပါ တယ်။ အဲဒီလို မဲတွေပြန့်သွားပြီး ကိုယ်စားလှယ်လောင်း တစ်ဦးဦးအနေနဲ့ စုစုပေါင်း ၇၆၄ မဲရဲ့ ၅၀ ရာခိုင်နှုန်းကျော် အများစု မရရှိခဲ့ရင်တော့ ဒုတိယအကြိမ် မဲပေးရွေးချယ်ဖို့ ရှိလာမှာဖြစ်ပါတယ်။ အဲဒီအခါမှာ မဲပေးမှုပုံစံပြောင်းသွားပြီး လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲကအများစု (လွှတ်တော်ကိုယ်စားလှယ်မဲ ၃၈၂ မဲ၊ ပြည်နယ်အလိုက် ပါတီမဲ ၄၇ မဲ စုစုပေါင်း ၄၂၉ မဲ) ဖြစ်လာတဲ့အတွက် ဒုတိယအကြိမ် မဲပေးမှုမှာ ပါတီတွင်းအစုအဖွဲ့ (faction) တွေရဲ့ သဘောထားက အရေးပါလာမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲကို ပြန်ကြည့်ရင် ပထမအကြိမ် မဲပေးရွေးချယ်စဉ်က ကာကွယ်ရေး ဝန်ကြီးဟောင်း ရှီဂျီရူ အီရှီဘာက မဲပိုမိုရရှိခဲ့ပေမယ့် ၅၀ ရာခိုင်နှုန်းကျော် မဟုတ်တဲ့အတွက် ဒုတိယအကြိမ် ရွေးချယ်ရာမှာ ရှင်ဇိုအာဘေးကို ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီသာဓကေအရဆိုရင် အခုရွေးချယ်မှုမှာ စစ်တမ်းကောက်ယူမှုအရ ထိပ်ဆုံးက ပြေးနေတဲ့ မစ္စတာ တာရို ကိုနိုအနေနဲ့ ပထမအကြိမ်မဲပေးမှုမှာ ၅၀ ရာခိုင်နှုန်းကျော်မှသာ အခြေအနေကောင်းမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ဒုတိယအကြိမ် မဲပေးဖို့ဖြစ်လာခဲ့ရင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးက လွှမ်းမိုးမှုရှိပြီး အဖွဲ့ဝင် ၉၆ ဦးရှိတဲ့ Hosoda faction နဲ့ အဖွဲ့ဝင် ၅၂ ဦးရှိတဲ့ Takeshita faction တို့က မစ္စတာ ဖူမီယိုကီရှီဒါ ကို ထောက်ခံမဲပေးကြမယ့် အနေအထားမှာ ရှိနေတာကြောင့် မစ္စတာဖူမီယို ကီရှီဒါအတွက် အခွင့်အလမ်း ပိုမိုကောင်းမွန်သွားစေမှာဖြစ်ပြီး မစ္စတာ တာရို ကိုနိုအတွက်တော့ အခွင့်အလမ်းနည်းပါးသွားစေမှာ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

ရည်ညွှန်း

The LDP presidential race–which will determine the country's next leader–is shaping up by Mari Yamaguchi (The Diplomat September 09, 2021)

Pragmatic approach to China essential for next Japanese PM (The South China Morning Post Editorial 14 September 2021)

Japan's news resources (Japan Times, Japan News, Kyodo News, The Mainichi News)



## တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းနှင့် ဆေးရုံဝင်းအတွင်း Oxygen Plant စက်ရုံတည်ဆောက်မည့် မြေနေရာကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ လှူဒါန်းလျက်ရှိသည်။




ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့်အဖွဲ့ဝင်များက လည်းကောင်း**(အပေါ်ပုံ)**၊ ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်း (Volunteer) များအတွက် ဆန်၊ ဆီ၊ ပဲနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများကလည်းကောင်း အသီးသီး ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကူဖေးလှည့်ပါ မောင်မေတ္တာတို့

* ငါအိုသွားသော် ငါကားအရင်လို
မဟုတ်ဆိုပြီး ငါ့ကိုသနား
စိတ်ရှည်ထားလျက် ဆက်ဆံသမှုပြုကြပါ။
* ချည့်နဲ့လက်တုန် ထမင်းပုံလည်း
ဖိတ်ကုန်လွင့်ကျ မလှရုပ်ဆိုး
အဖြစ်မျိုးကြောင့် စိတ်နှောင့်ရွံရှာမဖြစ်ပါနဲ့။
* အပ်ကြောင်းထပ်ထပ် ငယ်ကဇာတ်ကို
မပြတ်မအား ပြောဆိုငြားလည်း
ငါ့အားအဖော် အလှော်မပြု
ဂရုမစိုက် မနေလိုက်ပါနဲ့။
* မလှုပ်မရှား ရေချိုးသွားတိုင်း
ငါ့အားဖေးမ လမ်းလျှောက်ရလည်း
စိတ်ကမပြု ဝမ်းမဆူဘဲ
ကြည်ဖြူမြူမြူ စိတ်ကရှည်ရှည်ထားပါလော့။
* ငယ်ငယ်တုန်းက ယုယပိုက်ထွေး
အေးမြမေတ္တာ ချိုကြည်စွာဖြင့်
ဘယ်ခါမရွေး လူလေးမောင်လှ
ဘဝင်ကျအောင် စဉ်ပ ရွက်ဆောင်
ဒို့မြဲရှောင်ခဲ့။
* ဩော်၊ နဲ့နဲ့ယိုင်ယိုင် မောင်မခိုင်လည်း
လက်တွဲခေါ်ယူ ဒို့ကြည်ဖြူခဲ့။
ဤမူဤထုံး ဖြူနုလုံးဖြင့်
ငါရှုံးတဲ့အချိန် စိတ်ငြိမ်ငြိမ်နဲ့
ကူဖေးလှည့်ပါ မောင်မေတ္တာတို့။

အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ကြိုဆိုလျက် - - -

ဝင်းမြင့်(တက္ကသိုလ်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၇**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ငါးခူမွေးမြူသားဖောက်ခြင်းသင်တန်း အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးရေးစင်တာ၏ ရေသတ္တဝါမွေးမြူရေးဌာနက ငါးခူမွေးမြူသားဖောက်ခြင်းဆိုင်ရာသင်တန်းကို လာမည့် အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် မျိုးငါးများမွေးမြူထိန်းသိမ်းခြင်း၊ ဆေးထိုးသားဖောက်ခြင်း၊ သားဖောက်ပြုစုခြင်းနှင့် အသားတိုးမွေးမြူခြင်းတို့ ကိုသရုပ်ပြဗီဒီယိုများ၊ အွန်လိုင်းသင်ကြားဆွေးနွေးခြင်းများ၊ ဆရာများနှင့် တိုက်ရိုက်အမေးအဖြေပြုလုပ်ခြင်းများကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဖိလစ်ပိုင်နိုင်ငံ SEAFDEC/AQD စင်တာရှိ Ms . Ma . Haydee Stinson အီးမေးလ် mhstinson @ seafdec . org . ph သို့ အောက်တိုဘာ ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

SEAFDEC (အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေးစင်တာ) ကို ၁၉၆၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်တည်ထောင်ခဲ့သည်။ နိုင်ငံတကာငါးလုပ်ငန်းဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းတစ်ခု ဖြစ်သည့် SEAFDEC ၏ လေ့ကျင့်ရေးဌာန (TD) ကို ထိုင်းနိုင်ငံတွင် လည်းကောင်း၊ ရေငန်ငါးသုတေသနဌာန(MFRD) ကို စင်ကာပူနိုင်ငံတွင် လည်းကောင်း၊ ရေသတ္တဝါမွေးမြူရေးဌာန (AQD) ကို ဖိလစ်ပိုင်နိုင်ငံတွင် လည်းကောင်း၊ ရေငန်ငါးသယံဇာတသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန (MFRDMD) ကို မလေးရှားနိုင်ငံတွင်လည်းကောင်း၊ ကုန်းတွင်းငါး သယံဇာတသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန(IFRDMD) ကို အင်ဒိုနီးရှားနိုင်ငံတွင် လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးကို ထိုင်းနိုင်ငံတွင် လည်းကောင်း ဖွင့်လှစ်ကာ အရှေ့တောင်အာရှ ငါးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ကူညီပေးလျက်ရှိသည်။SEAFDEC တွင် အဖွဲ့ဝင် နိုင်ငံများအဖြစ် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ဂျာမနီရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အနိုင်ရ



ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ပီဒီ ) ပါတီမှ ဥက္ကဋ္ဌဖြစ်သူ အိုလက်ရှိုဇ်။

ဘာလင် စက်တင်ဘာ ၂၇

**ဂျာမနီနိုင်ငံ ပါလီမန်ရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီက မဲအရေအတွက်အများအပြားကို ကာကွယ်နိုင်ခဲ့သည်ဟု သိရသည်။ သို့သော်လည်း အင်ဂျလာမာကယ်၏နေရာတွင် ဆက်ခံမည့်ခေါင်းဆောင်သစ်ကိုမူ ညွန့်ပေါင်းပါတီများမှ ဆုံးဖြတ်သွားမည်ဖြစ်သည်။**

ဗဟိုလက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် မဲအရေအတွက် ၂၅ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့သည်ဟု ဂျာမနီရွေးကောက်ပွဲကော်မရှင်က ပြောသည်။ ခရစ်ရှန် ဒီမိုကရက်တစ်ယူနီယံနှင့် ခရစ်ရှန် ဆိုရှယ် ယူနီယံပါတီတို့မှာ မဲအရေအတွက် ၂၄ ဒသမ ၁ ရာခိုင်နှုန်း ရရှိသည်။

ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ပီဒီ )ပါတီမှ ဥက္ကဋ္ဌဖြစ်သူ အိုလက်ရှိုဇ်နှင့် ၎င်း၏ပြိုင်ဘက် အာမင်လက်ရှက်ဖ်တို့က ၎င်းတို့၏ဦးဆောင်မှုအောက်တွင် ပါတီငယ်များနှင့် ဆွေးနွေးညှိနှိုင်းမှုပြုပြီး ညွန့်ပေါင်းဖွဲ့ရန် အဆင်သင့်ဖြစ်နေပြီဟု ပြောသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အစိမ်းရောင်နှင့် ဗဟိုလက်ယာယိမ်း ဒီမိုကရက်တစ်ပါတီသည် ညွန့်ပေါင်းအစိုးရသစ်ဖွဲ့ရန် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။

ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲကို နိုင်ငံအတွင်းနှင့်နိုင်ငံပြင်ပမှ စိတ်ဝင်စားခဲ့ကြသည်။ အင်ဂျလာမာကယ်၏နေရာတွင် မည်သူရရှိမည်ကို ဆုံးဖြတ်မည့်ပွဲဖြစ်သဖြင့် စိတ်ဝင်စားကြခြင်းဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်သည် ၁၆ နှစ်ကြာ နိုင်ငံကိုဦးဆောင်ခဲ့ပြီး ပြည်တွင်းနှင့် ပြည်ပရေးရာကိစ္စရပ်များတွင် ၎င်း၏ ခေါင်းဆောင်နိုင်မှုစွမ်းရည်ကို ပြသနိုင်ခဲ့သည်။ '

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# တောင်ကိုရီးယားနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးမည်

**ဆိုးလ် စက်တင်ဘာ၂၇**

တောင်ကိုရီးယားနိုင်ငံတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြား ကလေးများကိုလာမည့်လအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးသွားမည်ဟု ကျန်းမာရေးအာဏာပိုင်များက စက်တင်ဘာ ၂၇ ရက်တွင် ပြောသည်။

ကိုဗစ်– ၁၉ ကူးစက်မှုများ ပြန်လည် ခေါင်းထောင်လာသည့်အတွက် ကာကွယ်ဆေးထိုးပေးသည့် အရေအတွက်ကို တိုးမြှင့်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၁၈ ရက်တွင် အသက် ၁၂ နှစ်မှ ၁၇ နှစ်ကြား နိုင်ငံသား ၂ ဒသမ ၇၇ သန်းကို ပထမအကြိမ် ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးမည်ဖြစ်သည်ဟု ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီက ပြောသည်။

ဇူလိုင်လ အစောပိုင်းတွင် ကိုဗစ် – ၁၉ ကူးစက်မှုများ ပြန်လည် များပြားလာပြီးနောက် ဆယ်ကျော်သက်များအား ကာကွယ်ဆေးထိုးပေးမည့် အစီအစဉ်ကို ကြေညာခဲ့သည်။ ဩဂုတ်လအတွင်း အသက် ၁၂ နှစ်နှင့် ၁၇ နှစ်ကြား ရောဂါကူးစက်ခံရသူ ၃၀၅၀ ရှိသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးပေါင်း ၁၃၆၀၀၀ ကိုလည်း ကိုဗစ် –၁၉ ကာကွယ်ဆေးပေးရန် ထောက်ခံချက်ပေးမည်ဖြစ်သည်။

အောက်တိုဘာ ၁၈ ရက်မှ စတင်ကာ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုလည်း ကာကွယ်ဆေး ထိုးပေးမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုဗစ် –၁၉ ကူးစက်ခံရသည့်အခါ အခြားအမျိုးသမီးများနှင့် ယှဉ်လျှင် ရောဂါလက္ခဏာ ပို၍ပြင်းထန်သည်။

ကျန်းမာရေး အာဏာပိုင်များက အသက် ၆၀ နှင့်အထက်များ၊ ရောဂါအခံရှိသူများကို အောက်တိုဘာ ၂၅ ရက်မှစတင်ကာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးသွားမည်ဟု သိရသည်။

**ဆင်ဟွာ**

# ဂျပန်တော်ဝင်မင်းသမီး မာကို၏ ချစ်သူ နယူးယောက်မှ ပြန်လာ

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်တော်ဝင်မင်းသမီး မာကို၏ ချစ်သူ ကိုမူရိုကီသည် ဂျပန်နိုင်ငံသို့ ပြန်လာရန် အမေရိကန် ပြည်ထောင်စုမှ ထွက်ခွာလာပြီဖြစ်သည်။ သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အိမ်ပြန်လာခြင်းလည်း ဖြစ်သည်။

၎င်းနှင့် ဂျပန်အိမ်ရှေ့မင်းသား၏သမီးဖြစ်သူ မင်းသမီး မာကို လက်ထပ်ပွဲအတွက် စီစဉ်မှုများ ပြုလုပ်ထားသည်။

ကိုမူရိုကီအား စက်တင်ဘာ ၂၆ ရက်က နယူးယောက်မြို့ ဂျွန်အက်ဖ် ကနေဒီ လေဆိပ်တွင် တွေ့ခဲ့ရသည်။ ၎င်းစီးလာသည့် လေယာဉ်မှာ တိုကျိုမြို့နာရီတာ လေဆိပ်သို့ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ကိုမူရိုသည် အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာခဲ့ပြီး ဥပဒေကျောင်းတက်ကာ နယူးယောက်ပြည်နယ်တွင် လိုင်စင်ရရှိရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။

၎င်းမှာ သုံးနှစ်အတွင်း မင်းသမီး မာကိုနှင့် ပထမဆုံးအကြိမ် တွေ့ဆုံမည်ဖြစ်သည်။

ကိုဗစ်– ၁၉ ကန့်သတ်ချက်များကြောင့် ဂျပန်နိုင်ငံသို့ ရောက်လျှင်ရောက်ချင်း ၁၄ ရက် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရမည်ဖြစ်သည်။

၎င်းတို့နှစ်ဦးမှာ အောက်တိုဘာလအတွင်း လက်ထပ်ပွဲပြုလုပ်ဖွယ်ရှိသည်။

တော်ဝင်မိသားစု အေဂျင်စီမှ မကြာမီအချိန်အတွင်း ကြေညာချက် ထုတ်ပြန်မည်ဟု ခန့်မှန်းထားကြသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်တော်ဝင်မင်းသမီး မာကိုနှင့် ၎င်း၏ချစ်သူ ကိုမူရိုကီ။

# မလေးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၃၁၀၄ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၇**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်ညပိုင်းက ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၁၀၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၂၁၉၈၂၃၅ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပမှ ကူးစက်လာသူ ရှစ်ဦးရှိပြီး ပြည်တွင်းကူးစက်ခံရသူမှာ ၁၃၀၉၆ ဦးရှိသည်ဟု သိရသည်။ နောက်ထပ် သေဆုံးသူ ၂၇၈ ဦး တိုးလာသည့်အတွက် သေဆုံးသူအရေအတွက်မှာလည်း ၂၅၄၃၇ ဦးရှိလာသည်။

ယင်းနေ့တွင်ပင် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၂၀၉၇၁ ဦး တိုးလာခဲ့သည်။ လက်ရှိတွင် ရောဂါခံစားနေရသူ ၁၈၃၂၈၉ ဦး ရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၁၀၅၀ ရှိသည်။

လူနာ ၅၈၂ ဦးမှာ အသက်ရှူအထောက်ကူပြုကိရိယာတပ်ဆင်ထားရသည်။ စက်တင်ဘာ ၂၆ ရက် တစ်ရက်တည်းတွင်ပင် မလေးရှားနိုင်ငံ၌ လူပေါင်း ၂၆၉၄၆၅ ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

**ဆင်ဟွာ**

# စီးပွားရေးအကြောင်းပြချက်ဖြင့် ကိုင်ရိုမြို့ရှိ အီသီယိုပီးယားသံရုံးကို ပိတ်သွားမည်

**ကိုင်ရို စက်တင်ဘာ ၂၇**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အီသီယိုပီးယားသံရုံး လုပ်ငန်းဆောင်တာများကို အောက်တိုဘာလမှစတင်ကာ သုံးလမှ ခြောက်လအထိ ဆိုင်းငံ့သွားမည်ဟု အီသီယိုပီးယား သံရုံးက ပြောသည်။

စီးပွားရေးအကြောင်းပြချက်ကြောင့် ယခုလိုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ အီသီယိုပီးယား သံအမတ်ကြီး မာကိုတက်ကယ်ရိုက်ခ်က ပြောသည်။

ဆိုင်းငံ့ထားစဉ်ကာလအတွင်း သံရုံးကော်မရှင်နာမှ သံတမန်ရေးရာကိစ္စရပ်များကို စီမံသွားမည်ဟုလည်း ၎င်းက ဆက်ပြောသည်။

အီသီယိုပီးယား နိုင်ငံသည် စီးပွားရေးပြဿနာကြောင့် နိုင်ငံအတော်များများမှ ၎င်းတို့၏ သံရုံးများကို ပိတ်ထားရန် ဆုံးဖြတ်ခဲ့သည်။ **ဆင်ဟွာ**

# ကာကွယ်ဆေးအပြည့်ထိုးထားသည့်ခရီးသွားများအတွက် ထင်ရှားကျော်ကြားခရီးသွားနေရာများကို ထိုင်းနိုင်ငံတွင် ပြန်လည်ဖွင့်လှစ်မည်

**ဘန်ကောက် စက်တင်ဘာ ၂၇**

ချည့်နဲ့နေသော နိုင်ငံ့ခရီးသွားကဏ္ဍနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ရှင်သန်ရေး ကြိုးစားရုန်းကန်နေသည့် ထိုင်းနိုင်ငံတွင် နိုဝင်ဘာလမှစကာ မြို့တော်ဘန်ကောက်နှင့် တခြားဒေသ ကိုးခုရှိ နိုင်ငံခြားခရီးသွားနေရာများကို လာရောက်မည့် ကာကွယ်ဆေးအပြည့်ထိုးထားသော ခရီးသွားများအတွက် ပြဋ္ဌာန်းထားသော ကန့်သတ်စောင့်ကြည့်မှုဆိုင်ရာ အခြေအနေများကို လျှော့ပေါ့ပေးမည့်အစီအစဉ်တစ်ခုကို ထိုင်းအစိုးရက စက်တင်ဘာ ၂၇ ရက်က ကြေညာလိုက်သည်။

ရှေ့ပြေးအစီအစဉ်အနေဖြင့် ဖူးခက်နှင့် ဆာမွိုင်ကျွန်းတို့ကို ဇူလိုင်လကတည်းက ဖွင့်လှစ်ပြီးနောက် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် ဘန်ကောက်နှင့် ကာရဘီ၊ ဟွာဟင်၊ ပတ္တရား၊ ကိုဖာရမ် ကဲ့သို့သော တခြားထင်ရှားကျော်ကြားသည့် ခရီးသွားနေရာများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံ၏ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ ဖြစ်သည့် ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးစင်တာ (CSSA) ၏သတင်းဖော်ပြချက်အရ သိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် သောကြာနေ့မှ နောက် ခုနစ်ရက်အတွင်း ရောက်ရှိလာသော ကာကွယ်ဆေးအပြည့် အဝထိုးထားသည့် ခရီးသွားများအတွက် ကန့်သတ်စောင့်ကြည့်မှု ပြဋ္ဌာန်းချက်ကာလကို ထက်ဝက် လျှော့ချသတ်မှတ်ထားပြီး ကာကွယ်ဆေး အပြည့်အဝ မထိုးထားရသေးသူများအတွက် ၁၀ ရက်အထိ လျှော့ချရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် တိကျသော ကန့်သတ်ချက်များနှင့်အတူ ရေပူစမ်းများ၊ ရုပ်ရှင်ရုံများ၊ စာကြည့်တိုက်များနှင့် မိုးလုံလေလုံ အားကစားခန်းမများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် CSSA သည် အမြင့်ဆုံးထိန်းချုပ်မှုအောက်တွင် ဘန်ကောက်အပါအဝင်ဒေသပေါင်း ၂၉ ခုကို သောကြာနေ့မှစကာ နောက်ထပ် ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ပြီး ညမထွက်ရအမိန့်ကိုလည်း နောက်ထပ် တစ်နာရီ ထပ်မံဖြေလျှော့ပေးမည်ဖြစ်သည်။



ထိုင်းနိုင်ငံ ဖူးခက်ကျွန်းတစ်နေရာကိုတွေ့ရစဉ်။

အဆိုပါဆောင်ရွက်ချက်များအားလုံးကို အတည်ပြုပေးရန် ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ အင်္ဂါနေ့တွင် တင်သွင်းမည်ဖြစ်သည်။ **ဆင်ဟွာ**

# ကိုဗစ်အရေးပေါ်အခြေအနေများကို ဂျပန်အစိုးရ အဆုံးသတ်ခွင့်ပြု

**တိုကျို စက်တင်ဘာ ၂၇**

ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်ကြေညာချက်နှင့် တစ်စိတ်တစ်ပိုင်း အရေးပေါ် ကြေညာချက်တို့၏ လက်ရှိ ထုတ်ပြန်ကြေညာထားသည့်ကာလသည် ကြာသပတေးနေ့တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သဖြင့် ဂျပန်အစိုးရသည် အဆိုပါ ကြေညာချက်များကို အဆုံးသတ်ခွင့် ပြုထားကြောင်း သိရသည်။



ဂျပန်နိုင်ငံ တိုကျိုမြို့တစ်နေရာတွင် လူများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်ကြေညာချက်ကို လက်ရှိတွင် တိုကျို၊ အိုဆာကာနှင့် တခြားခရိုင် ၁၇ ခုတို့တွင် ကျင့်သုံးလျက်ရှိသည်။

တစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေညာချက်ကို ခရိုင်ရှစ်ခုတွင် ပြဋ္ဌာန်းထားသည်။

ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲနှင့် တခြားဝန်ကြီးများက တနင်္လာနေ့ညနေခင်း အစည်းအဝေးတွင် အဆိုပါအစီအစဉ်ကို သဘောတူခဲ့သည်။ သဘောတူခဲ့သော ဝန်ကြီးများတွင် စီးပွားရေးပြန်လည်နာလန်ထူရေးဝန်ကြီး နီရှိမူရာ ယာဆူတိုရှီနှင့် ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာလည်း ပါဝင်သည်။ နီရှိမူရာ ယာဆူတိုရှီသည် ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန် ဆောင်ရွက်ရေးတွင်လည်း တာဝန်ရှိအကြီးအကဲ တစ်ဦးဖြစ်သည်။

အစိုးရသည် နောက်ပိုင်းတွင် တခြားနယ်ပယ်ကဏ္ဍများနှင့် ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# တိုကျို၌ ခြောက်လအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပထမဆုံးအကြိမ် ၂၀၀ အောက်ကျဆင်း

**တိုကျို စက်တင်ဘာ ၂၇**

တိုကျို၌ စက်တင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၄ ဦးရှိကြောင်း အစိုးရက အတည်ပြု ဖော်ပြခဲ့သည်။


ခြောက်လအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပထမဆုံး ၂၀၀ အောက် လျော့နည်းကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော တစ်ပတ်ထက် ၁၄၈ ဦး လျော့နည်းကျဆင်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ စက်တင်ဘာ ၂၇ ရက်အထိ ခုနစ်ရက်ပျမ်းမျှပမာဏသည် ၃၄၁ ဒသမ ၆ ဖြစ်သည်။ လွန်ခဲ့သော ခုနစ်ရက်တာကာလ ပျမ်းမျှ ပမာဏသည် ၄၄ ဒသမ ၃ ရာခိုင်နှုန်းဖြစ်သည်။

လက်ရှိတွင် တိုကျို၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၇၄၆၈၃ ဦးရှိသည်။ စက်တင်ဘာ ၂၇ ရက်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ၁၁ ဦး သေဆုံးခဲ့မှုနှင့်အတူ တိုကျိုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၂၈၈၃ ဦးအထိ ရှိလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**




တိုကျိုမြို့၏ ကိုဗစ်-၁၉ အခြေအနေကို ဖော်ပြသည့်ဂရပ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၀၉၄၀၃ ဦးအထိ ရှိလာ

**ဂျကာတာ စက်တင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၉၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၀၉၄၀၃ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၁၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၁၅၈၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၇၇၁ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၂၇၅၄၈ ဦးအထိ ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်းအနည်းဆုံး ၄၉ ဒသမ ၁၉ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်း သိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၈၇ ဒသမ ၇၄ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

လူဦးရေ သန်း ၂၇၀ ကျော်ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် မျှော်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**

# ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူတိုးလာ

**ဘန်ဒါဆီရီဘီဂါဝန် စက်တင်ဘာ ၂၇**

ဘရူနိုင်းနိုင်ငံတွင် စက်တင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀ ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာလည်း ၆၇၀၀ အထိ မြင့်တက်လာခဲ့သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ဖော်ပြချက်အရ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအားလုံးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားသူများဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် အမျိုးသားသီးသန့်စောင့်ကြည့်မှုစင်တာတွင် စောင့်ကြည့်ကုသပေးနေသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၂၁၂ ဦး ရှိသည်။ ၎င်းတို့အနက် ရှစ်ဦးမှာ အခြေအနေပြင်းထန်ကြောင်းသိရပြီး တခြား ၃၈ ဦးကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ပြည်သူများကို အရေးမကြီးဘဲ အိမ်ပြင်မထွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။ ပြည်သူများကို လိုအပ်မှသာအပြင်ထွက်ရန်၊ လူထူထပ်သည့်နေရာများကိုသွားလာခြင်းမှ ရှောင်ရှားရန်နှင့် ဆွေမျိုးများနှင့် သူငယ်ချင်းများအိမ်သို့ သွားရောက်လည်ပတ်ခြင်း မပြုလုပ်ရန် အကြံပေးထားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၄၃ ဦးနှင့် သေဆုံးသူ ၄၅ ဦးရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# စက်တင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၈၂ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၅၆ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၅၈၃ ဦး ရှိ

(၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၆-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၇၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၈၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၆၀,၉၅၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၉,၄၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၈၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၃,၈၂၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၅၈၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၀)ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄)ခု | (၁၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၅)ခု | (၂၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၉)ခု | (၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၇)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၇)ခု | (၁၀၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၇၀)ခု | (၁၁၁၈)ဦး |
| စုစုပေါင်း | (၁၇,၇၂၅)ခု | (၁,၂၈၂)ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့်**
**အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၅-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၅-၉-၂၀၂၁ မှ ၁၁-၉-၂၀၂၁) (Epi Week-36) | ၁၇၉,၂၂၆ | ၁၇,၂၉၃ | ၉.၇% |
| (၁၂-၉-၂၀၂၁ မှ ၁၈-၉-၂၀၂၁) (Epi Week-37) | ၁၅၈,၁၄၆ | ၁၄,၉၉၁ | ၉.၅% |
| (၁၉-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) (Epi Week-38) | ၁၃၃,၂၈၂ | ၁၁,၇၄၉ | ၈.၈% |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်(၃၆)၊ အပတ်စဉ်(၃၇) နှင့် အပတ်စဉ်(၃၈)အတွင်း ဓာတ်ခွဲ နမူနာ စုစုပေါင်း (၁၇၉,၂၂၆)ခု၊ (၁၅၈,၁၄၆)ခုနှင့် (၁၃၃,၂၈၂)ခုတို့ အသီးသီးစစ်ဆေးနိုင်ခဲ့ပြီး ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၇,၂၉၃)ဦး၊ (၁၄,၉၉၁)ဦးနှင့် (၁၁,၇၄၉)ဦးစီ တွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုမှာ အနည်းငယ်လျော့နည်းလာခဲ့ပြီး ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၉.၇) ရာခိုင်နှုန်း၊ (၉.၅) ရာခိုင်နှုန်း နှင့် (၈.၈) ရာခိုင်နှုန်းတို့ဖြစ်၍ ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းလည်း လျော့နည်းလာကြောင်းတွေ့ရှိရပြီး ထိုသို့ရောဂါကူးစက်မှု လျော့နည်းလာရခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၇၅၀၉၈၃ | ၃၃၁၈၆၂၆၁ | ၇၀၆၃၁၇ |
| ၂။ | အိန္ဒိယ | ၃၃၆၇၈၇၈၆ | ၃၂၉၃၁၉၇၂ | ၄၄၇၂၂၅ |
| ၃။ | ဘရာဇီး | ၂၁၃၅၁၉၇၂ | ၂၀၃၄၀၃၇၃ | ၅၉၄၄၈၄ |
| ၄။ | ဗြိတိန် | ၇၆၆၄၂၃၀ | ၆၁၈၅၅၇၀ | ၁၃၆၁၆၈ |
| ၅။ | ရုရှား | ၇၄၄၃၁၄၉ | ၆၆၁၈၁၁၇ | ၂၀၄၆၇၉ |
| ၆။ | တူရကီ | ၇၀၃၉၅၀၀ | ၆၄၉၇၂၇၅ | ၆၃၁၆၆ |
| ၇။ | ပြင်သစ် | ၆၉၉၄၃၁၉ | ၆၇၂၃၀၃၁ | ၁၁၆၄၆၃ |
| ၈။ | အီရန် | ၅၅၄၇၉၉၀ | ၄၉၆၆၀၉၈ | ၁၁၉၆၄၉ |
| ၉။ | အာဂျင်တီးနား | ၅၂၅၀၄၀၂ | ၅၁၁၁၅၉၆ | ၁၁၄၈၆၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၅၁၆၇၅ | ၄၇၉၁၇၁၅ | ၁၂၆၁၄၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၇- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၀၉၄၀၃ | ၄၀၂၇၅၄၈ | ၁၄၁၅၈၅ |
| ဖိလစ်ပိုင် | ၂၄၉၀၈၅၈ | ၂၂၉၂၀၀၆ | ၃၇၄၀၅ |
| မလေးရှား | ၂၁၉၈၂၃၅ | ၁၉၈၉၅၀၉ | ၂၅၄၃၇ |
| ထိုင်း | ၁၅၇၁၉၂၆ | ၁၄၃၅၄၀၁ | ၁၆၃၆၉ |
| ဗီယက်နမ် | ၇၆၆၀၅၁ | ၅၃၈၄၅၄ | ၁၈၇၅၈ |
| မြန်မာ | ၄၅၉၄၃၆ | ၄၁၃၈၂၁ | ၁၇၅၈၃ |
| ကမ္ဘောဒီးယား | ၁၀၉၉၂၆ | ၁၀၁၁၈၅ | ၂၂၆၁ |
| စင်ကာပူ | ၈၇၈၉၂ | ၇၄၆၅၂ | ၇၈ |
| လာအို | ၂၂၄၄၁ | ၁၇၃၁၁ | ၁၆ |
| ဘရူနိုင်း | ၆၇၀၀ | ၄၄၄၃ | ၃၈ |

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့် အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၂ ခုမှ အိမ်သုံးဆေးဝါး ၁၄၄ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း ၃၁ ရက်နေ့အဖြစ် ယနေ့တွင် ဆက်လက်ရောင်းချပေးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းတို့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ကျင့်ဝတ်နှင့်ညီသော သတင်းအမှန်များကို ပြည်သူလူထုသိရှိနိုင်စေရေး၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် ဦးတည်ရေးသားကြရန် သတင်းဌာနများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တိုက်တွန်းနှိုးဆော်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
ကြေညာချက် (၇/ ၂၀၂၁)
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်၊ တနင်္ဂနွေနေ့

၁။ ယခုအချိန်ကာလသည် နိုင်ငံငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လျှောက်လှမ်းနေသော ဒီမိုကရေစီလမ်းကြောင်း တည့်မတ်ခိုင်မာစေရေးတို့အတွက်၊ မဏ္ဍိုင်ကြီး ၄ ရပ်လုံးမှ အလေးအနက်ထားကာ ဦးတည်ဆောင်ရွက်နေသောကာလဖြစ်၍ သတင်းတု၊ သတင်းမှားများသည် ပြည်သူလူထုကို အဆိပ်သင့်စေနိုင်ကြောင်း အထူးဂရုပြုရမည့်ကာလဖြစ်ပါသည်။

၂။ ဤကဲ့သို့သောအခြေအနေတွင် သတင်းမှားများအပေါ်အခြေခံပြီး မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးမဲ့ဖြစ်စေသော ဆုံးဖြတ်ချက်များကို နိုင်ငံတကာပေါင်းစည်းညီညွတ်ရေးအတွက် ဦးစီးဦးဆောင်ပြုဆောင်ရွက်လျက်ရှိသော ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ကောင်စီတစ်ရပ်က ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ထိုကဲ့သို့ဆိုးကျိုးများဖြစ်ပေါ်စေသည့် သတင်းတု သတင်းမှားများ ပပျောက်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်၍လည်းကောင်း၊ တိုင်းဒေသကြီးများသို့ သွားရောက်ကာ ဒေသခံသတင်းသမားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ်များကို ရှင်းလင်းခြင်းများကိုလည်းကောင်း အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၄။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေ၍ ပြည်သူလူထုကို အဆိပ်သင့်စေသော သတင်းတု သတင်းမှားများ ရေးသားထုတ်လွှင့်ခြင်း၊ ထိုသတင်းမှားများအပေါ်အခြေခံကာ မြန်မာနိုင်ငံ၏ မျက်မှောက်အခြေအနေကို ထင်ဟပ်စေခြင်းမရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လက်ခံနိုင်ခြင်းမရှိပါ။

၅။ သို့ဖြစ်ပါ၍ ကျင့်ဝတ်နှင့်ညီသော သတင်းအမှန်များကို ပြည်သူလူထုသိရှိနိုင်စေရေး၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် ဦးတည်ရေးသားကြရန် သတင်းဌာနများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တိုက်တွန်းနှိုးဆော်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မိတ္ထီလာအောက်ဆီဂျင်စက်ရုံသို့ အောက်ဆီဂျင်စက်ရောက်ရှိ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ စက်တင်ဘာ ၂၇**

မိတ္ထီလာတွင် ဇူလိုင်လအတွင်းက စတင်ဆောက်လုပ်ခဲ့သော အောက်ဆီဂျင်စက်ရုံ အဆောက်အအုံဆောက်လုပ်မှု ပြီးစီးသွားပြီဖြစ်ကာ အောက်ဆီဂျင်စက်လည်း ရောက်ရှိပြီဖြစ်သဖြင့် အောက်ဆီဂျင် အမြန်ဆုံး ထုတ်လုပ်ဖြန့်ဝေနိုင်ရေးအတွက် အဆိုပါစက်ကို စက်ရုံအတွင်း တပ်ဆင်လျက်ရှိကြောင်း အဆိုပါ အောက်ဆီဂျင်စက်ရုံအား တာဝန်ယူဆောက်လုပ်သည့် ဦးဆောင်စေတနာရှင်များအဖွဲ့ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။


"အောက်ဆီဂျင် စက်က စက်တင်ဘာ ၂၅ ရက်က စက်ရုံကိုရောက်ရှိတာဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်မှာ အောက်ဆီဂျင်စက်ကို တပ်ဆင်ပေးမယ့် အင်ဂျင်နီယာအဖွဲ့ ရောက်ရှိတာကြောင့် အောက်ဆီဂျင် အမြန်ဆုံး ထုတ်လုပ်ဖြန့်ဝေနိုင်ရေးအတွက် တပ်ဆင်ဆောင်ရွက်နေပါတယ်။ စက်တပ်ဆင်တဲ့လုပ်ငန်းနဲ့ စမ်းသပ်ထုတ်လုပ်တဲ့လုပ်ငန်းအဆင်ပြေပြီဆို ဒီရက်ပိုင်းအတွင်းမှာ အောက်ဆီဂျင် စတင်ထုတ်လုပ်ဖြန့်ဝေမှာ ဖြစ်ပါတယ်"ဟု အောက်ဆီဂျင်စက်ရုံထုတ်လုပ် ဖြန့်ဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် ဦးဆောင်စေတနာရှင်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ဆောက်လုပ်သည့် အဆိုပါအောက်ဆီဂျင်စက်ရုံတွင် စက်စတင်လည်ပတ်ပြီး အောက်ဆီဂျင်ထုတ်နိုင်ချိန်တွင် တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ အိုး ၁၂၀ အထိ ထုတ်လုပ်ဖြန့်ဝေနိုင်မည်ဖြစ်ပြီး မိတ္ထီလာမြို့နယ်အတွက် သာမက အနီးပတ်ဝန်းကျင်ရှိ အောက်ဆီဂျင်လိုအပ်သည့် မြို့နယ်များသို့လည်း အောက်ဆီဂျင်ဖြန့်ဝေပေးနိုင်ရန်ရည်မှန်းထားကြောင်း သိရသည်။

အောက်ဆီဂျင် စက်ရုံကို မိတ္ထီလာ ဒေသခံစေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် အောင်ဇေယျာရပ်ကွက် မြို့ဦးကျောင်းတိုက်၏ တောင်ဘက် မြေနေရာတွင် ဆောက်လုပ်ခြင်းဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ အကြမ်းဖက်သူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စားသောက်ကုန်များတင်ဆောင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီး ထိခိုက်ပျက်စီး

**နေပြည်တော် စက်တင်ဘာ ၂၇**

**စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ အကြမ်းဖက်သူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စားသောက်ကုန်များ တင်ဆောင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၆ ရက်တွင် ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ခွန်ရွှေလှ (၃၃)နှစ် (ဘ) ဦးမောင်ငွေ မောင်းနှင်ပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်မင်္ဂလာ ရပ်ကွက်နေ ဆောမာ (၂၃)နှစ် (ဘ) ဦးဖိုးလျံ လိုက်ပါလာသည့် 3P-xxxx HIGH CLASS(VIP) ခရီးသည်တင်ယာဉ်သည် ကလေးမြို့မှ ဒေသထွက် စားသောက်ကုန်ပစ္စည်းများအား ရန်ကုန်မြို့သို့ပို့ဆောင်ရန်အတွက် တင်ဆောင်ကာ နံနက် ၆ နာရီခွဲတွင် ထွက်ခွာလာခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် ပုလဲမြို့နယ် အင်တော‌ပြန့် ကျေးရွာအနီး ကလေး-ဂန့်ဂေါ-ပုလဲကားလမ်း မိုင်တိုင်အမှတ် ၆၁ မိုင် အနီးအရောက် ကားလမ်း၏ ဝဲဘက်အခြမ်းမှ အကြမ်းဖက်သူများ ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။

အကြမ်းဖက်သူများ ဖောက်ခွဲခဲ့သည့် မိုင်းပေါက်ကွဲခဲ့မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ယာဉ်၏ ရှေ့လေကာမှန်၊ နောက်ကြည့်မှန်နှင့် ယာဉ်၏ ဝဲဘက်ခြမ်း လေကာမှန် သုံးချပ် ကွဲအက်ပျက်စီးခဲ့သည်။

ထိုကဲ့သို့ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးများဘေးတို့တွင် လက်လုပ်မိုင်းများ ဖောက်ခွဲခြင်းတို့ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးထုတ်ကုန်များ၏ ကုန်ချောထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးအတွက် စားသုံးသူများနှစ်သက်မည့် အရည်အသွေးလက္ခဏာများ နှိုင်းယှဉ်လေ့လာခြင်း သုတေသနပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာသုတေသနဌာနစုမှ သုတေသနပညာရှင်များသည် အရည်အသွေးကောင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် မျှော်မှန်းချက်ဖြင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာန၏အစီအစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စိုက်ပျိုး ထုတ်လုပ်သူတောင်သူများနှင့် အကျိုးတူပူးပေါင်း၍ လည်းကောင်း သုတေသနများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါသုတေသန ဆောင်ရွက်မှုများမှ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် စိုက်ပျိုးရေးထုတ်ကုန်များ၏ ကုန်ချောထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တောင်ကိုရီးယားနိုင်ငံမှ အာရှဒေသစားနပ်ရိက္ခာများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းမှ ငွေကြေးပံ့ပိုးပြီး ထောက်ပံ့ကူညီသော စီမံကိန်းဖြစ်ကြောင်းနှင့် စီမံကိန်းသက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး ယခုနှစ်(၂၀၂၀-၂၀၂၁) တတိယနှစ်အတွင်း တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် မြေပဲယိုနှင့် နှမ်းယိုများထုတ်လုပ်သည့် နည်းပညာအဆင့်ဆင့်နှင့် အရည်အသွေး စမ်းသပ်ရွေးချယ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ညွှန်ကြားရေးမှူးများနှင့် သုတေသီများအား ဖိတ်ကြား၍ မြေပဲယို၊ နှမ်းယိုအမျိုးမျိုး၏ ပါဝင်ပစ္စည်းများနှင့် အချိုးအစားအမျိုးမျိုးအား အရည်အသွေးအကဲဖြတ်သည့် Field Day ကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ စမ်းသပ်တွေ့ရှိချက်များအရ အရည်အသွေးကောင်းမြေပဲယို၊ နှမ်းယိုထုတ်လုပ်ရာတွင် မြေပဲနှင့်သကြား၊ နှမ်းနှင့်သကြား အချိုးအဆနှင့် ပြုလုပ်ထားသောထုတ်ကုန်များသည် အခြားအချိုးအဆများထက် ကြိုက်နှစ်သက်သူ အများဆုံးဖြစ်ကြောင်း တွေ့ရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လိုသည့် တောင်သူများအတွက် ကုန်ကျစရိတ်နည်းပါး၍ သန့်ရှင်းသည့် အဆင့်မြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာပါဝင်သည့် အုပ်စု (D) ပွဲစဉ် ကျင်းပမည့်ကွင်း အတည်ပြု

**ရန်ကုန် စက်တင်ဘာ ၂၇**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအမျိုးသမီးအသင်းပါဝင်သည့် အုပ်စု (D) ကျင်းပမည့်ကွင်းကို အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းအုပ်စုပွဲစဉ်ကို ကာဂျစ္စတန်နိုင်ငံ၌ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး ကာဂျစ္စတန်နိုင်ငံ ဘစ်ကက်ရှ်မြို့ရှိ ဒိုလန်အိုမူရာဇာကော့ဗ်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းအုပ်စုပွဲစဉ်များကို ယခင်က လက်ဘနွန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အိမ်ရှင်နိုင်ငံအပြောင်းအလဲကြောင့် ကျင်းပမည့်ကာလပါ တစ်လဝန်းကျင် နောက်ဆုတ်သွားခြင်းဖြစ်သည်။ လက်ဘနွန်နိုင်ငံက အိမ်ရှင်အဖြစ်မှ ပြန်လည်နုတ်ထွက်သွားသလို အခြားအသင်းများမှာလည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းမရှိသဖြင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ကြားနိုင်ငံတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု (D) တွင် မြန်မာ၊ ယူအေအီး၊ လက်ဘနွန်၊ ဂူအမ်အသင်းတို့ ပါဝင်နေပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွား မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ယူအေအီးအသင်းတို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ အာရှဖလားအမျိုးသမီးခြေစစ်ပွဲမှ အုပ်စုပွဲစဉ်အချို့ ကျင်းပပြီးစီးသွားပြီဖြစ်ပြီး ခြေစစ်ပွဲအောင်အသင်းလေးသင်း ထွက်ပေါ်ထားပြီးဖြစ်သည်။ အုပ်စု (E) မှ တောင်ကိုရီးယားအသင်း၊ အုပ်စု (F) မှ ဖိလစ်ပိုင်အသင်း၊ အုပ်စု (G) မှ အီရန်အသင်း၊ အုပ်စု (H) မှ ထိုင်းအသင်းတို့ ခြေစစ်ပွဲအောင်မြင်ထားကာ လေးနေရာသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။ အုပ်စု (A)နှင့် (D) ပွဲစဉ်များကို အောက်တိုဘာလမှ ကျင်းပမည်ဖြစ်ပြီး အုပ်စု (B) နှင့် (C) မှာမူ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ခြေစစ်ပွဲယှဉ်ပြိုင်ခါနီးမှသာ အပြီးသတ် လူစာရင်း ရွေးချယ်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က ကိုင်တွယ်လျက်ရှိသည်။

**ရဲရင့်လွင်**

## စပါးအသင်းကိုအနိုင်ရရှိပြီးနောက် ပြိုင်ပွဲစုံ လေးပွဲဆက် နိုင်ပွဲရရှိလာသည့် အာဆင်နယ်

အာဆင်နယ်နှင့် စပါးအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ် (၆) ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာအာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

### လေးပွဲဆက်နိုင်

အာဆင်နယ် အသင်းသည် ယခုနိုင်ပွဲကြောင့် ဩဂုတ် ၂၈ ရက်က ပြိုင်ဘက်မန်စီးတီးအသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ပြီးနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ် လေးပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ စပါးအသင်းက ယခုရှုံးပွဲကြောင့် ဩဂုတ် ၂၉ ရက်က ဝက်ဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။

### ပွဲကိုထိန်းချုပ်ကစားနိုင်

ရလဒ်ကောင်းရရှိရေး ဦးတည်လာသည့် အာဆင်နယ်အသင်းသည် တိုက်စစ်တွင် အူဘာမီယန်ကို အားပြုပြီး ဆာကာ၊ အိုဒီဂတ်၊ စမစ်ရိုဝီတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် စပါးအသင်းကလည်း အဓိက ကစားသမားများဖြစ်သည့် ဆွန်ဟောင်မင်၊ ကိန်း၊ မော်ရာတို့ကို အသုံးပြုကာ အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် အာဆင်နယ်အသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ဆာကာ၏ ဖန်တီးမှုမှတစ်ဆင့် စမစ်ရိုဝီက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင်လည်း အာဆင်



အာဆင်နယ်အသင်းကစားသမားများ စပါးဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံနေစဉ်။

နယ်အသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ပြီး ပွဲချိန် ၂၇ မိနစ်နှင့် ၃၄ မိနစ်တို့တွင် ဒုတိယဂိုးနှင့် တတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးများကို အူဘာမီယန်နှင့် ဆာကာတို့ သွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းကို အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် စပါးအသင်းကို ဦးဆောင်နိုင်ခဲ့သည်။

### ချေပဂိုးသွင်းယူ

စပါးအသင်းသည် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နည်းဗျူဟာအပြောင်းအလဲအဖြစ် စကစ်၊ အီမာဆင်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ သို့သော်လည်း ပွဲချိန် မိနစ် ၇၀ ကျော်သည်အထိ ချေပဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ချေ။ ပွဲချိန် ၇၉ မိနစ်တွင် ရီဂူလီယွန်၏ ဖန်တီးမှုမှတစ်ဆင့် ဆွန်ဟောင်မင်က စပါးအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် ဂိုးထပ်မံမသွင်းနိုင်ဘဲ အာဆင်နယ်အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် ပွဲစဉ် (၆) ယှဉ်ပြိုင်ကစားအပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲရှုံး ရမှတ် ကိုးမှတ်ရရှိလာပြီဖြစ်သည်။ စပါးအသင်းကလည်း ပွဲစဉ် (၆) အပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲရှုံးဖြင့် ရမှတ် ကိုးမှတ်ရရှိထားသည်။ လာမည့်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် အောက်တိုဘာ ၂ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပါးအသင်းက အောက်တိုဘာ ၁ ရက်တွင် ကွန်ဖရင့်လိဂ်အဖြစ် ဆလိုဗေးနီးယားကလပ် မူရာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၇

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

### ဆက်ကပ်လှူဒါန်း

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သံလမ်းကျောင်းတိုက်၊ သရက်တောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လိပ်ကြည်ကျေးရွာရှိ ဓမ္မရက္ခိတ သာသနာ့မဂ္ဂင်ရိပ်သာ ကျောင်းတိုက်၊ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ သုဓမ္မာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်မြေဘုံသာ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီးအောင်မြေသာစံမြို့နယ် အောင်မဟိဒ္ဓိကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ ပုဗ္ဗာရုံဓမ္မရိပ်သာကျောင်းတိုက်နှင့် အုတ်ဖိုမြို့ အိုးသည်ကုန်းတိုက်နယ် စံကျောင်းဘုန်းတော်ကြီးကျောင်း အပါအဝင် အုတ်ဖိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၄၉ ကျောင်း၊ သီလရှင်ကျောင်း ၂၀ တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြဝတီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၇**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း စက်တင်ဘာ ၂၆ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် သောင်ရင်းမြစ်ရေ စိုးရိမ်ရေအမှတ်အထက် ၁၈၃ စင်တီမီတာ ကျော်လွန်ရောက်ရှိခဲ့သဖြင့် မြဝတီမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၁/၂/၃/၄/၅) ရပ်ကွက်များအတွင်း သောင်ရင်းမြစ်ရေ ဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သော မြဝတီမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်မှ ရေဘေးသင့်ပြည်သူ ၇၂၇ ဦးတို့ကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခွဲရေဘေးကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ အမှတ်(၁) ရပ်ကွက်မှ ရေဘေးသင့်ပြည်သူ ၆၉၂ ဦးတို့ကို အဓိဋ္ဌာန်အောင်ဓမ္မာရုံနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ ရေဘေးကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်မှ ရေဘေးသင့်ပြည်သူ ၃၆၃ ဦးတို့ကို အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူ ၅၅၃ ဦးတို့ကို မွန်ဘုန်းကြီးကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ လည်းကောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့တို့က ပြောင်းရွှေ့နေရာချထားပေးပြီး လိုအပ်သည်များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ယာယီရေဘေးကယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအတွက် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆန်၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(ဓာတ်ပုံ)

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အိုးခွံ) ၅၃၀၉ ခု၊ Oxygen Plant ငါးခု၊ လက်အိတ် ကိုးတန်နှင့် နှာခေါင်းစည်း (Mask) ရှစ်တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့နှင့် မုံရွာမြို့တို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant ငါးခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းလာစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မော်တော်ယာဉ်ဖြင့် အောက်ဆီဂျင်(အရည်) တင်သွင်းလာစဉ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် စက်တင်ဘာ ၂၇

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုအစီအစဉ် ဆက်လက်ဆောင်ရွက်

## စက်တင်ဘာ ၂၇ ရက်အထိ ဆီတန်ချိန် ၄၃၃၆ တန် ရောင်းချပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ စက်တင်ဘာ ၂၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၂၆၅၃၂၀၀ (တန်ချိန် ၄၃၃၆) တန်ရောင်းချခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက်အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကား ဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈)ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း- ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ စက်တင်ဘာ၂၇ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ခြောက်ခုမှ Covifor Lyophilized Powder For Injection ၁၀၀၀၀၊ Esomeprazole Tablet ၄၆၉၅ ခု၊ Pantocid Tablet ၁၄၂၇၂ ခု၊ Vitamin-C Tablet ၁၀၀၃၆ ခု၊ COVID-19 Antigen Card Test ၂၀၄၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Face Shield ၅၀၀၊ S/P Oxygen Plant နှစ်ခု၊ Mask ၂၀၀၊ Oxygen Plant ငါးခု၊ Oxygen Cylinder ၅၃၀၉ ခု၊ Regulator/Flow Meter ၆၈၀ နှင့် ဆေးဝါးမျိုးစုံ ၃၁ မျိုး (၂၆၉၅၄၅ ဒသမ ၂၉) KG၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ငါးခုတို့မှ Liquid Oxygen ၁၅၂၈၅$m^3$၊ PPE ၁၅၀၀၀၊ Sodium Chloride Injection ၁၀၁၄၄၀KG၊ Syringe ၂၀၀၉၆KG၊ Infusion ၂၇၀၀၊ Zinc Sulphate Tablets ၁၉၅၀KG၊ Enoxaparin Sodium Injection ၁၂၀KG၊ Glocose Injection ၂၀၄၈၀KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၉ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၁၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၂၀/၁၃၂၀ ကျပ် | ၁၃၂၅/၁၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၃၀ ကျပ် | ၁၃၁၀/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၂၅/၁၃၂၅ ကျပ် | ၁၃၅၅/၁၃၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၆၅ ကျပ် | ၁၄၃၀/၁၄၆၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၆ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၃၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၈၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၁၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၈၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၃၀၁ | ၂၀၂၄၈၈၀၀ |
| MTSH | ၃၁၀၀ | ၃၂၀၀ | ၂၇၀၄ | ၈၄၈၆၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၂၅ | ၆၇၇၅၀ |
| EFR | ၂၉၅၀ | ၂၉၀၀ | ၁၈၉ | ၅၅၀၆၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၉-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၃၀ နဝင်္ဂဥပေါ်လာထသီလ
၀၉:၂၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ NHK အစီအစဉ် 'ရေတွင်ပျော်ဝင်ခြင်း'
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အနီးမှုန်'
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
၁၆:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၄၅ ကိုဗစ်-၁၉ အန္တရာယ်ကျော်လွှားမှုနှင့်အတူ ပိုင်းဝန်းဖော်ထုတ်တိုက်ဖျက်ရမည့် အကြမ်းဖက်မှုအန္တရာယ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြ မြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၆)

**mitv**

07:01 News
07:27 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:33 The Richly Blessed Gem Land
08:01 A Festival on Buddha's Life Story (Part-II)
08:28 Welcome To Naga Land
09:01 Marvelous Solo Cane Ball Playing
09:18 Sagaing: Gold Leaf
09:26 Lively Group Folk Dance of Kayan Nationals
09:31 Bagan: The Land of Pagoda
10:01 Myanmar Masterclass: Cubism
10:07 A Festival on Buddha's Life Story (Part-I)
10:34 Myanmar's Traditions and Culture: Novicehood in Myanmar
11:23 Kayah
11:55 Hip-Hop and Design

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတများ
**ဂေကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ပျောက်ကွယ်လုနီးပါး ဂေဘားတိုင်းရင်းသားတို့ရဲ့တင်ဝါးပုလွေများ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ဝင်ငွေကောင်းတဲ့တောင်ပေါ်ငှက်ပျော
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ကရင်ရိုးရာဘဲသားဆန်ပြုတ်
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ညောင်စေးပြုလုပ်နည်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** ကျိုက်နဲရေလယ်ဘုရားသို့ဘုရားဖူးတစ်ခေါက်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** အလှမှာယဉ်ဆေးပက်ဝင်သည့် တရုတ်စံကားပွင့်လေးများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** လှမ်းခဲ့ပါလေတောင်တိုင်မြေ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** နမ့်လန်ချောင်းသို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ကချင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
၁၀:၃၀ အတွေးအမြင်(အပိုင်း-၈)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
၁၁:၃၀ အတွေးအမြင်(အပိုင်း-၈)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်- ၁၉ အလွန် ဆင်းရဲမွဲတေမှုကို ဘယ်လိုကျော်ဖြတ်သွားမလဲ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်ငန်းသည် လွန်ခဲ့သောအနှစ် ၂၀ ကျော်ကာလအတွင်း ပုံမှန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ရိုက်ခတ်မှုများရှိခဲ့လင့်ကစား လွန်ခဲ့သော ၂၅ နှစ်အတွင်း နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဒေါ်လာအောက်၌သာရရှိသော ပြည်သူအရေအတွက်သည် သိသိသာသာလျော့နည်းကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားရှိသည်။

### ဆင်းရဲမွဲတေမှုနှုန်း ပြန်လည်မြင့်တက်

၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်လောက်သာ အလွန်အမင်း ဆင်းရဲမွဲတေသည့် အခြေအနေတွင်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း ဆင်းရဲမွဲတေမှုနှုန်း ဆက်လက်လျော့ချသွားနိုင်မည်ဟု ကမ္ဘာ့ခေါင်းဆောင်များက မျှော်မှန်းခဲ့ကြသည်။ သို့သော် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ကမောက်ကမဖြစ်ပေါ်ခဲ့သဖြင့် ဆင်းရဲမွဲတေမှုနှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း၌အလွန်အမင်းဆင်းရဲမွဲတေသူ ၁၂၄ သန်းရှိခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ၃၉ သန်း ထပ်မံတိုးတက်လာဖွယ်ရာရှိကြောင်းဖော်ပြထားရှိသည်။


ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရန်သည် ကိုဗစ်- ၁၉ ကပ်ရောဂါကို မည်သို့မည်ပုံ ကာကွယ်ထိန်းချုပ်သွားမလဲဆိုသောအချက်အပေါ်တွင် လုံးလုံးလျားလျား တည်မှီလျက်ရှိသည်။ ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်သော နိုင်ငံများသည် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့ချနိုင်မည် ဖြစ်သည်။ ရောဂါကူးစက်ပျံ့နှံ့မှုကာလကြာရှည်လာသည်နှင့် အမျှစီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အချိန်ကာလအတန်ကြာယူကြရဦးမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့သည် လက်ရှိအချိန်အထိ ပြည်သူများကိုကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးနိုင်ခြင်း မရှိသေးသောကြောင့် ရောဂါကာကွယ်နိုင်ရေးအခွင့်အလမ်း နည်းပါးလျက်ရှိသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် အလွန်အမင်းဆင်းရဲမွဲတေသူ ၂၀၇ သန်းကျော်ထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးထားသည်။ လက်ရှိအခြေအနေသည် အလွန်အမင်းဆင်းရဲမွဲတေနေကြသည့် ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းသောကာလပင်ဖြစ်သည်။ ကိုဗစ်- ၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလူတန်းစားညှိမည်ဟုဆိုသော်လည်းလက်တွေ့တွင်မူ ဆင်းရဲမွဲတေသူများနှင့် ထိခိုက်လွယ်အုပ်စုများကို ပိုမိုထိခိုက်နစ်နာစေလျက်ရှိသည်။

ထိုသို့သောအခြေအနေများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကူညီထောက်ပံ့မှုရရှိရန်နှင့် ပြည်သူများအား စိတ်ဓာတ်မြှင့်တင်နိုင်ရန်အတွက် အခြားသောနိုင်ငံများ၏ အကူအညီရယူသွားသင့်ပါသည်။ အဆိုးရွားဆုံး အခြေအနေကို မည်သို့ပင်ရောက်ရှိနေသည့်တိုင်အောင် ကပ်ရောဂါကျော်လွှားနိုင်ရေးနှင့်ဆင်းရဲတွင်းမှ လွတ်မြောက်ရေးအတွက် နည်းလမ်းများရှိနေဆဲပင်ဖြစ်သည်။

### တရုတ်နိုင်ငံ၏ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး

အလွန်အမင်းဆင်းရဲမွဲတေမှု တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို လေ့လာသွားသင့်သည်။ တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ကပ်ရောဂါထိန်းချုပ်ရာတွင် အောင်မြင်မှုများရရှိနေသော်လည်း အခြားသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တိုင်းပြည်ထူထောင်ခဲ့သည့် ၁၉၄၉ ခုနှစ်မှစ၍ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။




**"ဖွံ့ဖြိုးဆဲနိုင်ငံအချို့သည် လက်ရှိအချိန်အထိ ပြည်သူများကိုကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးနိုင်ခြင်းမရှိသေးသောကြောင့် ရောဂါကာကွယ်နိုင်ရေးအခွင့်အလမ်း နည်းပါးလျက်ရှိသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် အလွန်အမင်း ဆင်းရဲမွဲတေသူ ၂၀၇ သန်းကျော်ထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးထားသည်။ လက်ရှိအခြေအနေသည် အလွန်အမင်းဆင်းရဲမွဲတေနေကြသည့်ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းသောကာလပင်ဖြစ်သည်"**

### တရုတ်နိုင်ငံ၏ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး

တရုတ်နိုင်ငံ၏ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မကြာသေးမီက စက္ကူဖြူစာတမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် တရုတ်နိုင်ငံ ကျေးလက်ဒေသရှိ ပြည်သူများသည် ဆင်းရဲမွဲတေမှု နက်ရှိုင်းခဲ့သည်။ ထိုစဉ်က တိုင်းပြည်လူဦးရေသန်း ၇၇၀ ခန့်သည် ဆင်းရဲမွဲတေခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနည်းပါးသောကြောင့် ပင်ပန်းကြမ်းတမ်းစွာရုန်းကန်ခဲ့ကြရသည်။ သို့သော် ဆယ်စုနှစ်လေးခုကျော်ကာလအတွင်း တရုတ်နိုင်ငံသည် ပြည်သူများ၏ ကံကြမ္မာကို ပြောင်းလဲနိုင်ခဲ့သည်။ ပြည်သူများအား အလွန်အမင်းဆင်းရဲမွဲတေသည့်ဘဝမှ ဆွဲထုတ်နိုင်ခဲ့သည်။ တိုင်းပြည်တစ်နံတစ်လျားတွင် ဆင်းရဲမွဲတေမှုပပျောက်ရေးအစီအစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ခဲ့သည်။

အခြေခံအဆောက်အအုံများ၊ အဝေးပြေးလမ်းများ၊ မြန်နှုန်းမြင့်ရထားလမ်းများ၊ ဒစ်ဂျစ်တယ်နှင့်အင်တာနက်လိုင်းများ တပ်ဆင်တည်ဆောက်ကာ ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ခဲ့သည်။ ထို့အပြင် အိမ်ရာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးခဲ့သည်။ အခြေခံလူတန်းစားများအတွက် ပညာရေးနှင့်လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးခဲ့သည့်အပြင် သက်ကြီးရွယ်အိုများအတွက်လည်း ဆေးရုံများနှင့် ဂေဟာများ တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အလွန်အမင်း ဆင်းရဲမွဲတေသူအရေအတွက်ကို လုံးလုံးလျားလျား လျော့ချနိုင်ခဲ့သည်။

ဆင်းရဲမွဲတေမှုအလွန်အမင်း ဖြစ်ပေါ်နေသည့်အခြေအနေမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ကြောင်းကို တရုတ်နိုင်ငံ၏ အတွေ့အကြုံက သက်သေပြလျက်ရှိသည်။ သို့သော် တရုတ်နိုင်ငံ၏ ဆင်းရဲမွဲတေမှုပပျောက်ရေးနည်းလမ်းများဖြင့် အခြားနိုင်ငံများတွင် အစားထိုးအကောင်အထည်ဖော်နိုင်လိမ့်မည်မဟုတ်ချေ။ တရုတ်နိုင်ငံ၏ နိုင်ငံရေးစနစ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုသမိုင်းကြောင်းတို့သည် အခြားနိုင်ငံများနှင့် လုံးလုံးလျားလျား ကွဲပြားခြားနားလျက်ရှိသည်။

### ကိုဗစ်- ၁၉ ကပ်ရောဂါနှင့် ဆင်းရဲမွဲတေမှု ပပျောက်ရေး

ထို့အပြင် တရုတ်နိုင်ငံသည် အခြားဆင်းရဲတွင်းနက်နေသော နိုင်ငံများကဲ့သို့ ပြည်ပကြွေးမြီမရှိပေ။ ပြည်ပကြွေးမြီသည် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရာတွင် ကြီးမားသော အတားအဆီး တစ်ရပ်ပင်ဖြစ်သည်။ ကြွေးမြီကင်းရှင်းသည့် နိုင်ငံများသည်ပင်လျှင် တရုတ်နိုင်ငံကဲ့သို့ အကောင်အထည်ဖော်နိုင်မည် မဟုတ်ချေ။ ရေကြီးရေလျှံခြင်း၊ မြေလျှောင်လှုပ်ခတ်ခြင်း၊ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ခြင်းနှင့် ကိုဗစ်- ၁၉ ကပ်ရောဂါသည်ပင်လျှင် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို လွဲချော်မှုဖြစ်ပေါ်ခြင်း မရှိချေ။ ထို့ကြောင့် အခြားနိုင်ငံများအနေဖြင့်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ဆင်းရဲမွဲတေမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်သွားသင့်ပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သမိုင်းကြောင်းတစ်လျှောက်တွင် အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သည့်အရာများကို ပြန်လည်ဖော်ဆောင်သွားရန်လိုအပ်သည်။ သာဓကအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကြွေးမြီလျှော်ပစ်ရန်အတွက် ကမ္ဘာ့ဘဏ်အား ကာလရှည်ကြာ စည်းရုံးသိမ်းသွင်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ကမ္ဘာ့ဘဏ်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီမံကိန်းများ တည်ဆောက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးလျက်ရှိသည်။

### ကာကွယ်ဆေးများ၏ သက်ရောက်မှု

ဖွံ့ဖြိုးဆဲနိုင်ငံများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးထောက်ပံ့ပေးခြင်းသည် ကပ်ရောဂါကာကွယ်ရေးအတွက် အကောင်းဆုံးနည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲချမ်းသာကွာဟမှုမြင့်တက်ခြင်းသည် ဆင်းရဲတွင်း နက်နေသောနိုင်ငံများတွင် ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကာလရှည်ကြာဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့်တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်ဇွန်လမှစ၍ ဖွံ့ဖြိုးဆဲနိုင်ငံ ၇၇ နိုင်ငံသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်တောင်းခံရန် ဆိုင်းငံ့ထားရှိသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကိုဗစ်- ၁၉ ကပ်ရောဂါကာကွယ်ဆေးများ လှူဒါန်းပေးလျက်ရှိသည်။ ထိုသို့အကူအညီများ ပေးအပ်ခြင်းသည် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ဆင်းရဲမွဲတေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်စွမ်းမရှိသည့် နိုင်ငံများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီများ ပေးအပ်ခြင်းသည် အနာဂတ်တွင် ဆင်းရဲမွဲတေမှု ပပျောက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။ ။

## ဂန့်ဂေါ၌ မြို့မိ မြို့ဖ ဒေသခံအလှူရှင်များ စုပေါင်းလှူဒါန်းထားသော အောက်ဆီဂျင်ထုတ်စက် စမ်းသပ်လည်ပတ်

**ဂန့်ဂေါ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အောက်ဆီဂျင်အရေးပေါ် လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦးဘုရားအနီး သာသနာ့ဗိမာန်ဝင်းအတွင်း၌ တည်ဆောက်ထားသော အောက်ဆီဂျင်စက်ရုံအတွက် မြို့မိ မြို့ဖ ဒေသခံအလှူရှင်များ စုပေါင်းလှူဒါန်းထားသော အောက်ဆီဂျင်ထုတ်စက်သည် စမ်းသပ်လည်ပတ်မောင်းနှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက်မှာ မြို့မိ မြို့ဖ ဒေသခံအလှူရှင်များ လှူဒါန်းထောက်ပံ့ထားသည့် အောက်ဆီဂျင်စက်ကို ယမန်နေ့က စမ်းသပ်မောင်းနှင်လည်ပတ်ကာ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၃၀ ဖြည့်တင်းဆောင်ရွက်နိုင်ကြောင်း အောက်ဆီဂျင်စက်ရုံဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူးထံမှ သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းထားသည့်စက်မှာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၂၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး အဆိုပါစက်မှာ စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်၍ ဂန့်ဂေါမြို့နယ်အတွက် သာမက ထီးလင်း၊ ဆော၊ ကျောက်ထု မြို့နယ်အတွင်းရှိ ပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

# ဝက်လက်မြို့နယ်၌ ရှစ်နာရီလျှင် စပါးတင်းရေ ၄၅၀၀ ခန့်ကို အခြောက်ခံသန့်စင်နိုင်သည့် စပါးမျိုးသန့်စင်စက်ရုံအား ကြည့်ရှု

ဝက်လက် စက်တင်ဘာ ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စိုင်နိုင်စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာရှိ စပါးမျိုးသန့်စင်စက်ရုံသို့ ယမန်နေ့ မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝက်လက်မြို့နယ် စိုင်နိုင်စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း (Agriculture Income Improvement Project – AIIP) က စီစဉ်ဆောင်ရွက်နေသည့် စပါးမျိုးသန့်စင်စက်ရုံနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့်တာဝန်ရှိသူများက မျိုးစပါးသန့်စင်ပုံနှင့် မျိုးစပါးသန့်စင်ထားရှိမှုကို ပြန်လည်ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ယာပုံ)


အဆိုပါ စပါးမျိုးသန့်စင်စက်ရုံသည် ရှစ်နာရီအတွင်း စပါးတင်းရေ ၄၅၀၀ ခန့်ကို အခြောက်ခံသန့်စင်နိုင်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**စိုးစိုးလှိုင်**
**(ဝက်လက်)**

# အွန်လိုင်းစနစ်ဖြင့် မူလတန်းကြိုပညာရေး အစီအစဉ်ဆောင်ရွက်ရန်အတွက် မိဘအသိပညာပေး သင်တန်းဖွင့်လှစ်

လွိုင်ကော် စက်တင်ဘာ ၂၇

လူမှုဝန်ထမ်း ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မူလတန်းကြိုအရွယ်ကလေးများအတွက် မူလတန်းကြိုကျောင်းများ မဖွင့်လှစ်နိုင်သော်လည်း မိမိတို့၏ရင်သွေးများကို ကျောင်းသဖွယ်၊ သင်ယူခွင့်၊ ပါဝင်ခွင့်ရရှိပြီး မိဘနှင့်ကလေးများအကြား ရင်းနှီးစွာဖြင့် ကလေးများ ဘက်စုံဖွံ့ဖြိုးစေရေးအတွက် အွန်လိုင်းမူလတန်းကြိုပညာရေး အစီအစဉ်ဆောင်ရွက်လျက်ရှိသည်။




အဆိုပါ အစီအစဉ်တွင် မူလတန်းကြိုအရွယ် ကလေးမိဘများမှ ပါဝင်၍ ကလေးများအား ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် ကလေးများနှင့်ပတ်သက်သည့် ကလေးသဘောသဘာဝ၊ ကလေးဘက်စုံဖွံ့ဖြိုးမှု၊ ပြုစုစောင့်ရှောက်သူများ၏အခန်းကဏ္ဍစသည်တို့ကို ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနတွင် မိဘများအား စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ အွန်လိုင်းအသိပညာပေး သင်တန်းဖွင့်လှစ် သင်ကြားပေးသည်။ အဆိုပါ အွန်လိုင်းမူကြိုပညာရေးအစီအစဉ်ကို အောက်တိုဘာလအတွင်း လွိုင်ကော်မူလတန်းကြိုကျောင်းတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ မျိုးသန့်မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့

**ကျောင်းကုန်း စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ မျိုးသန့်မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထင်ကျော်ဦးနှင့်တာဝန်ရှိသူများက ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်အုပ်စု၊ ဇရပ်ကွင်းအုပ်စု၊ ကွင်းကြီးအုပ်စု၊ ကောက်ကြီးကုန်းအုပ်စု၊ ဖြိုက်အုပ်စု၊ သောင်ကြီးအုပ်စု၊ ထန်းတပင်အုပ်စု၊ မိုးပြာအုပ်စု၊ ကျားကိုက်ချောင်းအုပ်စု၊ ရွာသာကုန်းအုပ်စု၊ ကျောင်းအိုင်အုပ်စု၊ ဆိပ်ဖူးနီအုပ်စု၊ သဲကုန်းအုပ်စု အပါအဝင် ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူ ၉၅ ဦးတို့၏ စိုက်ဧက ၅၀၀ အတွက် ဓာတ်မြေဩဇာအိတ် ၂၅၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော ဆန်အိတ်များ ရောင်းချပေးမည်

ရန်ကုန် စက်တင်ဘာ ၂၇

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်အပါအဝင် သန့်ရှင်းလတ်ဆတ်သော အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဈေးကားများဖြင့် အိမ်တိုင်ရာရောက် လိုက်လံလှည့်လည် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။**



**တာမွေမြို့နယ်၌ ဆန်၊ ဆီ နှင့် စားသောက်ကုန်ပစ္စည်းများအား ရွေ့လျားဈေးကားဖြင့် လိုက်လံရောင်းချပေးစဉ်။**

ယခုအခါ တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား စနစ်တကျ ရွေးချယ်စာရင်းပြုစုပြီး (Good Rice – Good Price ) အစီအစဉ်ဖြင့် ဧည့်မထ သန့်စင်ပြီး ဆန်ဖြူနှင့် ပေါ်ဆန်းမွှေးဆန်များအား ဖြန့်ဖြူးရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရမြို့နယ်အတွင်းရှိဝင်ငွေနည်းအိမ်ထောင်စုတွေကို အလွန်ဈေးသက်သာပြီး အရည်အသွေးကောင်းမွန်သော ဆန်အိတ်များကို ပြည်သူများလက်ဝယ်အရောက် ဖြန့်ဖြူး ရောင်းချပေးနိုင်ရေးအတွက် မြို့နယ်အတွင်းမှာရှိသည့် ဝင်ငွေနည်းအိမ်ထောင်စုစာရင်းများကို စနစ်တကျ စိစစ်ရွေးချယ် စာရင်းပြုစု၍ သက်ဆိုင်ရာရပ်ကွက်များအလိုက် ဝယ်ယူလိုသည့်အရေအတွက်များကို စာရင်းကောက်ယူမှုများ ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် ရပ်ကွက်များအတွင်း သတ်မှတ်နေ့ရက်များအလိုက် ဆန်အိတ်များကို လိုက်လံဖြန့်ဖြူးရောင်းချရာတွင် ပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်စေရေး၊ လာရောက်ရောင်းချရာတွင် နေရာထိုင်ခင်းအဆင်ပြေစေရေးနှင့် ကိုဗစ်ကာလဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးတို့အတွက် လုံခြုံရေးအပါအဝင် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်နိုင်စေရန် မြို့နယ်အတွင်းမှာရှိသည့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား (Good Rice – Good Price ) အစီအစဉ်ဖြင့် ဆန်အိတ်များကို ဖြန့်ဖြူးရောင်းချပေးရာတွင် သန့်စင်ပြီး ဆန်ဖြူ ငါးပြည်တစ်အိတ်လျှင် ကျပ်ငါးထောင်နှုန်းထားဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေးဆန် ငါးပြည်တစ်အိတ်လျှင် ကျပ်ရှစ်ထောင့်ငါးရာနှုန်းထားဖြင့် လည်းကောင်း ရောင်းချပေးမည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်းအိမ်ထောင်စုများ၊ စက်မှုဇုန်များရှိ အလုပ်သမားမိသားစုများအနေဖြင့် မည်သူမဆို ဈေးနှုန်းသက်သာစွာဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# မင်းလှမြို့၌ ကိုဗစ်-၁၉ ရောဂါ ကုသမှုခံယူခဲ့သည့် ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့

အထက်မင်းလှ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဩဂုတ်လ ၁ ရက်မှ ၁၆ ရက်အထိ ပိုးတွေ့စင်တာနှင့် ကုသရေးစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ ကုသမှုခံယူခဲ့သည့် ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက မင်းလှမြို့နယ်တွင် ဩဂုတ် ၁ ရက်မှ ၁၆ ရက်အထိ ပိုးတွေ့စင်တာနှင့် ကုသရေးစင်တာများတွင် ကိုဗစ်-၁၉ရောဂါ ကုသမှုခံယူခဲ့ကြသည့် ထိခိုက်လွယ် အုပ်စုများမှ အသက် ၆၀ နှစ်နှင့်အထက် ၄၈ ဦး၊ ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၊ အသက်ငါးနှစ်အောက် ရှစ်ဦး၊ မသန်စွမ်း လေးဦး စုစုပေါင်း ၆၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ အား ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ **ဇာဇာ(အထက်မင်းလှ)**

# မန်းချောင်းရေ ထပ်မံတိုးမြင့်လာပြီး မန်းရွှေစက်တော် အောက်ခြေတော်ရာအထက် တစ်ပေခန့် ဖြတ်သန်းစီးဆင်းလျက်ရှိ



**မင်းဘူး စက်တင်ဘာ ၂၇**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရား မန်းချောင်းအထက်ပိုင်းရှိဒေသများတွင် ယခုရက်ပိုင်း မိုးများစွာရွာသွန်းခဲ့မှုကြောင့် ရွှေစက်တော်ဘုရား မန်းချောင်းအတွင်း ယနေ့နံနက်ပိုင်းက မန်းချောင်းရေများ ထပ်မံတိုးမြင့်လာပြီး အောက်ခြေတော်ရာ ရင်ပြင်အထက် တစ်ပေခန့် ဦးခိုက်ဖြတ်သန်း စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။ **(ယာပုံ)**

မန်းရွှေစက်တော်ဘုရား မန်းချောင်းအထက်ပိုင်းရှိ ဒေသများ၌ မိုးများရွာသွန်းခဲ့မှုကြောင့် ပန်းထိမ်းမန်းချောင်း၊ ငဖဲမန်းချောင်း၊ ပင်ဦးကျေးရွာနှင့် ကံသာကျေးရွာကြားရှိ ပစီချောင်းတို့မှ မန်းချောင်းရေများ တိုက်ရိုက်ဖြတ်သန်းစီးဆင်းခြင်းတို့ကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း မန်းချောင်းရေ တိုးခြင်းများ ဖြစ်ပေါ်ရခြင်းဖြစ်ပြီး ယခုလည်း အထက်မန်းတမံ ရေပိုလွှဲမှ ဆည်ရေကျော်ကျခြင်းများကြောင့် မန်းချောင်းရေ ထပ်မံတိုးမြင့်လာခြင်းဖြစ်သည်။

ယခုလက်ရှိ မန်းချောင်းရေ ထပ်မံတိုးမြင့်နေခြင်းကြောင့် အောက်ခြေတော်ရာဘုရားရင်ပြင်အထက်တစ်ပေခန့် ဦးခိုက်ဖြတ်သန်း စီးဆင်းလျက်ရှိပြီး နောက်ရက်များတွင်လည်း မန်းချောင်းရေများ ထပ်မံတိုးမြင့်လာနိုင်ကြောင်း မန်းရွှေစက်တော်ဘုရား ကျန်းမာသန့်ရှင်း တာဝန်ခံ ဦးမြင့်နိုင်(ငဖဲ)က ပြောသည်။

ယခုနှစ်မိုးရာသီအတွင်း ဩဂုတ် ၅ ရက်က နှစ်ပေခွဲခန့် တစ်ကြိမ်နှင့် ယခုတစ်ကြိမ်အပါအဝင် နှစ်ကြိမ်တိုင်တိုင် ရင်ပြင်တော်ပေါ်သို့ ဖြတ်ကျော်စီးဆင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မြဝတီ- ဝေါလေမြိုင် လမ်းမကြီးပေါ်ရှိ ဝင်းဝင်းမြိုင်တံတား ချဉ်းကပ်လမ်းပိုင်း ပြိုကျမှုဖြစ်

**ဝေါလေမြိုင် စက်တင်ဘာ ၂၇**
ကရင်ပြည်နယ် ဝေါလေမြိုင်မြို့တွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပိုပိချောင်းမှ တောင်ကျရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာပြီး မြဝတီ- ဝေါလေမြိုင် လမ်းမကြီးပေါ်တွင် တည်ရှိသော ဝင်းဝင်းမြိုင်တံတား၏ ချဉ်းကပ်လမ်းပိုင်းပေ ၅၀ ခန့် ပျက်စီးပြိုကျမှု ဖြစ်ပေါ်ခဲ့သည်။



အဆိုပါ တံတားသည် မြဝတီ- ဝေါလေမြိုင်လမ်းပိုင်း ၇၅ ဒသမ ၅ ကီလိုမီတာတွင် တည်ရှိကာ အရှည်ပေ ၁၂၀၊ အကျယ် ၁၇ ပေ ရှိသော တံတားဖြစ်ပြီး မြဝတီမြို့နှင့် ဝေါလေမြိုင်မြို့တို့ကို အဓိက ဆက်သွယ်ထားသော တံတားတစ်စင်းဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်လျက်ရှိသည်။

ထို့ကြောင့် ယာဉ်များနှင့် ခရီးသည်များ ယာယီသွားလာနိုင်ရန်အတွက် လမ်းဦးစီးဌာနမှ ဝင်းဝင်းမြိုင်တံတား ချဉ်းကပ်လမ်းပိုင်း ပြိုကျပျက်စီးမှုအား စစ်ဆေးပြီး အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်ရှိ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ဘိုကလေး စက်တင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မဂူကျေးရွာအုပ်စု ပိုးလောင်းချောင်းတွင်း ကျေးရွာတွင် စက်တင်ဘာ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းနှင့် စက်တင်ဘာ ၂၃ ရက်ကလည်း ချောင်းဖြဲကြီး ကျေးရွာအုပ်စု ချောင်းဖြဲကြီးကျေးရွာတွင် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ရာ အဆိုပါ လေဘေးသင့်အိမ်ထောင်စုဝင်များကို ယမန်နေ့က မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့မှုများ ပြုလုပ်ကြသည်။

ထိုသို့ ထောက်ပံ့ရာတွင် လေဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်တစ်သိန်း၊ ခုနစ်ရက်စာ ဆန်ရိက္ခာထောက်ပံ့ငွေများနှင့် နှာခေါင်းစည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပေးအပ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ကျောက်မဲမြို့ရှိ ဈေးနှစ်ဈေးအား တစ်ခြမ်းစီ အလှည့်ကျစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**ကျောက်မဲ စက်တင်ဘာ ၂၇**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်ရန်အတွက် သုံးလနီးပါး ပိတ်ထားခဲ့သည့် ဗဟိုဈေးကြီးနှင့် မင်္ဂလာဈေးတို့အား ယနေ့မှစ၍ ကန့်သတ်ချက်ဖြင့် ပြန်လည်ဖွင့်ခွင့် ပြုပြီဖြစ်သည်။

ကိုဗစ်-၁၉ရောဂါ တတိယအကျော့ကာလအတွင်း ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ စတင်တွေ့ရှိပြီးသည့်နောက်ပိုင်း ဇူလိုင် ၃ ရက်မှစ၍ ဗဟိုဈေးကြီးနှင့် မင်္ဂလာဈေးတို့ကို ပိတ်ထားခဲ့သည်။

ယခုအခါ ကျောက်မဲမြို့ပေါ်တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်ဖြစ်ပွားသူ နည်းပါးလာပြီဖြစ်သည့်အပြင် ကျောက်မဲမြို့နယ်သည် Stay at Home မြို့နယ်မဟုတ်သည့်အတွက် ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ ခရိုင်/ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့၏ ဆွေးနွေးဆုံးဖြတ်ချက်များအရ ဗဟိုဈေးကြီးနှင့် မင်္ဂလာဈေးတို့ကို ဈေးတောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း ဟူ၍သတ်မှတ်ပြီး တစ်ခြမ်းစီအလှည့်ကျ (တစ်ရက်ခြား) ဖွင့်လှစ်ခွင့် ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဈေးနှစ်ဈေးကို ဖွင့်လှစ်ခွင့်ပြုသော်လည်း ဗဟိုဈေးအနီးရှိ ညဈေးနှင့် နောင်ပိန်ကျေးရွာရှိ ကျေးလက်ဈေးတို့ကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း (ပြန်/ဆက်)**

# ကိုဗစ်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ပြည်ပသို့ ပျားရည်တင်ပို့မှု ရပ်ဆိုင်းထားရ

**ရန်ကုန် စက်တင်ဘာ ၂၇**
ပြည်ပဝယ်လက်များထံမှ ကမ်းလှမ်းမှုများရှိသော်လည်း ကိုဗစ်တတိယ အကျော့ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြည်ပသို့ ပျားရည်တင်ပို့မှု ရပ်ဆိုင်းထားရကြောင်း ကိုယ်တိုင်ပျားမွေးမြူထုတ်လုပ်သူများက ပြောသည်။

“အခုကာလမှာ ငွေကြေးအခက်အခဲတွေ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေရှိနေတော့ နဂိုက ပျားရည်ဝယ်နေကျ ကုမ္ပဏီတွေက မဝယ်နိုင်ကြဘူး။ ပြည်ပကို ပျားရည်တင်ပို့မှုတွေလည်း ရပ်နေတယ်။ မြန်မာပြည်မှာ ထုတ်လုပ်နေတဲ့ ပျားရည်တွေကတော့ ပြည်ပပို့ကုန် အရည်အသွေးအဆင့်ပါပဲ။ ဥရောပဈေးကွက်အထိတောင် အဆင့်အတန်း ပြည့်မီပါတယ်။ အခုလောလောဆယ်မှာသာ ပြည်ပကို အထွက်နည်းသွားတာပါ။ ကိုဗစ်ပထမအကျော့ကာလတုန်းကတောင် ဂျပန်ကုမ္ပဏီတစ်ခုက ကမ်းလှမ်းမှုရှိခဲ့သေးတယ်။ အခုအခြေအနေတွေနဲ့မို့ မပို့နိုင်တာပါ”ဟု ပျားသုံးဖော် ပျားရည်ထုတ်လုပ်ရေးမှ စီမံအုပ်ချုပ်သူ ဦးမြင့်နိုင်က ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်များကို ပြည်ပဈေးကွက်အပြင် Export ဈေးကွက်အနေဖြင့် ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့ အဓိက တင်ပို့ရောင်းချနေပြီး မလေးရှားနိုင်ငံနှင့် တခြားအိမ်နီးချင်းနိုင်ငံတချို့သို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

“တရုတ်နိုင်ငံကလည်း သူတို့နိုင်ငံအတွင်းမှာတင် ပျားမွေးမြူရေးလုပ်ငန်းတွေရှိတယ်။ သူတို့ဆီမှာလည်း ပျားရည်ထွက်တယ်။ ဒါ့ကြောင့် မြန်မာဘက်ကနေ ပျားရည်သိပ်မဝယ်ဘူး။ ဇီးပျားရည်ဆိုရင်တော့ ဆေးဖက်ဝင်တာရယ်၊ အေးခဲခြင်းမရှိတာရယ်ကြောင့် သဘောကျတဲ့အတွက် အနည်းအကျဉ်းဝယ်ယူတာမျိုး ရှိတတ်ပါတယ်”ဟု ၎င်းက ဆက်ပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း ပျားရည်တစ်ပိဿာလျှင် မြန်မာငွေကျပ် ၂၅၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**နန်းထက်ထက်ချစ်**

# သောင်ရင်းမြစ်ရေလျှံတက်ပြီး မြဝတီမြို့ အနိမ့်ပိုင်းနေရာများ ရေကြီးမှုဖြစ်ပေါ်

**မြဝတီ စက်တင်ဘာ ၂၇**
မြန်မာ – ထိုင်းနှစ်နိုင်ငံ နယ်နိမိတ်ပိုင်းခြားထားသည့် သောင်ရင်းမြစ်ရေသည် ယမန်နေ့က တဖြည်းဖြည်း မြင့်တက်လာပြီး မြဝတီမြို့ရှိ အနိမ့်ပိုင်းရပ်ကွက်များသို့ ဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေကြီးမှုကြောင့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခု ရေကြီးမှုဖြစ်စဉ်သည် ဒုတိယအကြိမ်ဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ စက်တင်ဘာ ၂၇ ရက်က တိုင်းထွာချက်များအရ သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၆၃ စင်တီမီတာကို ကျော်လွန်ပြီး ၁၁၃၂ စင်တီမီတာသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**



## တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ် လေးမျက်နှာကျေးရွာမီးလင်းရေး ဖွင့်လှစ်



**ပုသိမ် စက်တက်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် လွှစင်ကုန်းကျေးရွာအုပ်စု လေးမျက်နှာကျေးရွာတွင် ကျေးရွာမီးလင်းရေးကော်မတီ၏ စုပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်သည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၈၀ ခန့်ရှိပြီး ကျေးရွာမီးလင်းရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ်သိန်း ၄၁၀၊ မြစိမ်းရောင်စီမံကိန်းမှ ငွေကျပ်သိန်း ၁၂၀၊ ကျေးရွာမီးလင်းရေးကော်မတီမှ ငွေကျပ်သိန်း ၂၅၀ တို့ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းမှတစ်ဆင့် တစ်ရွာလုံး မီးလင်းနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားရရှိခြင်းကြောင့် ကျေးရွာ၏ ကုန်ထုတ်လုပ်မှုပမာဏ မြင့်မားလာစေပြီး ပညာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သည်။

**မောင်မောင်မြင့် (ပုသိမ်)**

## နတ်မောက်ဆည်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်လျက်ရှိ

**နတ်မောက် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ နတ်မောက်ဆည်ရေလှောင်တမံသည် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရေပြည့်အမှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



တမံရေပိုလွှဲမှ ရေကျော်ကျနေမှုကို တွေ့ရစဉ်။

အဆိုပါ နတ်မောက်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၈၃ ပေဖြစ်ပြီး ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ လက်ရှိရေ အမှတ်မှာ ၆၈၄ ဒသမ ၇ ပေ ရှိသည့်အတွက် ရေပြည့်အမှတ်ထက် ၁ ဒသမ ၇ ပေ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး နတ်မောက်ဆည် ရေလှောင်တမံနှင့် အဆောက်အအုံများမှာ အားလုံး ကြံ့ခိုင်ကောင်းမွန်၍ စိုးရိမ်ဖွယ်ရာ မရှိကြောင်း မြို့နယ်ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**လှဝင်း (နတ်မောက်)**

## ရွှေကျင်မြို့နယ်၌ ပဲမျိုးစုံကြား နေကြာသီးညှပ်စိုက်ရန် မျိုးစေ့များ ပေးအပ်

**ရွှေကျင် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ကေများအတွင်း နေကြာသီးညှပ်စိုက်ပျိုးနိုင်ရန် တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်ပွဲကို အနောက်ဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေးက ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ရွှေကျင်မြို့နယ်၏ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ စိုက်ကေများအတွင်း နေကြာသီးညှပ်စိုက်ပျိုး၍ စားသုံးဆီဖူလုံမှု ဖူလုံပိုလျှံစေရန်အတွက် ရွှေကျင်မြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ကေ ၄၀၀ အတွက် တစ်ကေလျှင် နှစ်ပြည်နှုန်းဖြင့် ပဲမျိုးစုံကြားနေကြာသီးညှပ်စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တောင်သူများအား (ဆင်းရွှေကြာ-၂၊ စပ်မျိုးနေကြာ)မျိုးစေ့များကို ပေးအပ်ကြသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးသီးနှံကေ ၉၃၈၈၈ ကေ စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဒေသခံ တောင်သူများသည် ငမင်းရေလှောင်တမံ၊ ကင်မွန်းတောင်တမံ၊ ဘန်းကုန်း၊ ကန်တော်ကြီး၊ ရန်ပယ်တမံစသည့် ဆည်ရေများဖြင့် မိုးစပါးသီးနှံ စိုက်ပျိုးခြင်းအား သတ်မှတ်လျာထားကေ ပြည့်မီရေးအတွက် ကြိုးပမ်းစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးသီးနှံ ၉၃၈၈၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးအေးထံမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် နှစ်စဉ်စပါးသီးနှံ စိုက်ပျိုးမှု အများဆုံးဖြစ်သည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသခံပြည်သူများက ဆည်ရေဖြင့် (နွေ၊ မိုး၊ ဆောင်း) သုံးရာသီ သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်း သိရသည်။

သီးနှံများ စိုက်ပျိုးရာတွင် တောင်သူများ စိုက်ပျိုးရေအခက်အခဲမဖြစ်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်ရေများကို ရာသီအလိုက် စိုက်ပျိုးရေအား စနစ်တကျ ဖြန့်ဝေပေးသည့်အတွက် တောင်သူများအနေဖြင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ယခုနှစ်တွင်လည်း မြို့နယ်အတွင်းရှိဒေသခံတောင်သူများက မိုးသီးနှံစိုက်ပျိုးရာသီတွင် သတ်မှတ်လျာထားကေ ပြည့်မီရေးအတွက် ကြိုးပမ်းစိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း သီးနှံအထွက်နှုန်းတိုးပွားရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များနှင့် သွင်းအားစုပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန် နည်းလမ်းများအား အသိပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် နယ်မြေကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



တောင်တွင်းကြီးမြို့နယ်တွင် ယခု ၂၀၂၁-၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံကေ ၉၇၇၉၂ ကေ လျာထားစိုက်ပျိုးမည်ဖြစ်ရာ ယနေ့အထိ မိုးစပါးသီးနှံ ၉၃၈၈၈ ကေ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသည့် မိုးစပါးသီးနှံနှင့် အခြားသီးနှံများကိုလည်း သတ်မှတ်လျာထားကေ ပြည့်မီရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခင်ဦးမြို့နယ် ပင်တင်းကန်ရေကြီးရေလျှံမှုကြောင့် ထိခိုက်ကေများအတွက် မိုးစပါးမျိုးစေ့နှင့် ရွက်ဖျန်းမြေဩဇာ ထောက်ပံ့

**ခင်ဦး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပင်တင်းကျေးရွာ ပင်တင်းကန်ရေကြီးရေလျှံမှုကြောင့် ထိခိုက်ကေများအတွက် မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီက မိုးစပါး မျိုးစေ့နှင့် ရွက်ဖျန်းမြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်နှင့် တာဝန်ရှိသူများက ပင်တင်းကန်ရေကြီးရေလျှံမှုကြောင့် ထိခိုက်ကေ ၅၂ ကေအတွက် ရေအနည်းလို-၇ စပါးမျိုး ၃၆ တင်းနှင့် ရွက်ဖျန်းမြေဩဇာ ၇၅ ကေအတွက် ဆေးရည်များကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။

# ဘူးသီးတောင်မြို့နယ် ဝရကျွန်းအုပ်စု (ဘင်္ဂါလီ)ကျေးရွာရှိ အသက် ၁၈ နှစ်နှင့်အထက်များအား ပထမအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံ

**ဘူးသီးတောင် စက်တင်ဘာ ၂၇** ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဝရကျွန်းအုပ်စု(ဘင်္ဂါလီ) ကျေးရွာရှိ အသက် ၁၈ နှစ်နှင့် အထက်များအား ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာရှိ စာသင်ကျောင်းတွင် စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ စာရင်းများ ကောက်ယူခြင်း၊ ကိုယ်ပူချိန် တိုင်းတာခြင်း၊





သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ အောက်ဆီဂျင် တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ပုံမှန်အခြေအနေရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံနေမှုများကို ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

# သရက်မြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ၆၁၈၅ ဦး ထိုးနှံပြီးစီး

**သရက် စက်တင်ဘာ ၂၇** မကွေးတိုင်းဒေသကြီး သရက်မြို့ ရွှေသက်လွတ်ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်နှင့် သတ်မှတ်နေရာများ၌ ဆီနိုဖမ်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ထပ်မံရရှိသော ကာကွယ်ဆေး ၁၉၀၀ အား ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ညွန့်ရွှေအောင်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်နေရာများဖြစ်သော ရွှေသက်လွတ်ဘုရားဝင်းရှိ သာသနာ့ဗိမာန်တော် တေဇခန်းမ ထုံးတောင်ကျေးရွာ၊ တလပါးကျေးရွာ၊ အလပ်လယ်ကျေးရွာနှင့် ဘော်ကျေးရွာတို့မှ ဆရာတော် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်အထိ ၆၁၈၅ ဦးကို ထိုးနှံပေးပြီးဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဝမ်းထွန်း**
**(အောင်လံ)**

# မြို့နယ်များ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၌ ဆီနိုဖမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ပထမအကြိမ် ထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်အထိ ဒေသခံပြည်သူ ၂၈၀၄၆ ဦးတို့ လာရောက်ထိုးနှံခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး ကြီးကြပ်အဖွဲ့ထံမှ သိရသည်။

ထိုသို့ ထိုးနှံရာတွင် တစ်ကြိမ်မျှ မထိုးနှံရသေးသည့် အသက် ၅၅ နှစ်မှ ၆၄ နှစ်အတွင်းရှိသူများ၊ မသန်စွမ်းသူများ အပါအဝင် သတ်မှတ်ဦးစားပေးအုပ်စုအလိုက် ပြည်သူများအား သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအသီးသီးတို့၌ ဆေးထိုးစုရပ် ခြောက်ရပ်ခွဲ၍ စက်တင်ဘာ ၁၄ ရက်က စတင်ထိုးနှံပေးခဲ့ရာ စက်တင်ဘာ ၂၆ ရက်အထိ ဒေသခံပြည်သူပေါင်း ၂၈၀၄၆ ဦး လာရောက်ထိုးနှံခဲ့ကြပြီး ကာကွယ် ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

သထုံမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမအသုတ်အဖြစ် ဇူလိုင် ၂၉ ရက်မှစတင်ထိုးနှံပေးခဲ့ရာ ပထမအသုတ်၌ ထိုးနှံပြီးသူ စုစုပေါင်း ၉၁၁၀ ရှိခဲ့ပြီး ယခုဒုတိယအသုတ်၌ သထုံမြို့နယ်အတွင်း ထိုးနှံပေးရန် ကာကွယ်ဆေးအလုံးရေပေါင်း ၆၂၀၀ ရရှိထားရာ လူဦးရေပေါင်း ၃၁၀၀၀ အား ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဦး(ပြန်/ဆက်)**

## တန့်ယန်း

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ ဆီနိုဖမ်း ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးအား အသက် ၅၅ နှစ်နှင့်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများအား စက်တင်ဘာ ၂၆ ရက်မှစတင်၍ အမှတ်(၁)ရပ်ကွက် လှကေရီခန်းမ၌ ပထမအကြိမ်အဖြစ် စတင်ထိုးနှံပေးနေသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရီရီထွေးတို့က ကြီးကြပ်ကာ မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများက ထိုးနှံပေးရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နေ့ညနေအထိ စုစုပေါင်း ၇၁၄၅ ဦး ထိုးနှံပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## ပေါက်တော

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်ထိုးနှံပေးခြင်းကို ကျေးလက်ကျန်းမာရေးဌာနစုရပ် ခြောက်နေရာတို့တွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ပေါက်တောမြို့နယ် ကျေးလက်ကျန်းမာရေးဌာနစုရပ်ခြောက်နေရာတို့တွင် ကာကွယ်ဆေးထိုးနှံလာကြသည့် အသက် ၅၅ နှစ်မှ အသက် ၆၄ နှစ်အထိ ၅၇၈ ဦး၊ ၆၅ နှစ်နှင့်အထက် ၁၄၇ ဦး၊ သံဃာတော် ၁၄ ပါး၊ စေတနာ့ဝန်ထမ်း ၁၀၆ ဦး၊ ပုဂ္ဂလိကကျန်းမာရေးနှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၁၅ ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေး ၂၁၄ ဦး၊ ဈေးသည် ၃၆၀၊ နိုင်ငံ့ဝန်ထမ်း ၁၁ ဦး၊ ပုဂ္ဂလိကစက်ရုံဝန်ထမ်း၄၂ ဦးတို့ အပါအဝင် စုစုပေါင်း ၁၄၈၉ ဦး လာရောက်ထိုးနှံကြကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

## ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် (ဒုတိယအသုတ်)ကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံစုရပ်၌ ထိုးနှံပေးလျက်ရှိရာ သာသနာ့အနွယ်ဝင်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ အသက် ၅၅ နှစ်နှင့်အထက်ရှိသူများ၊ နာတာရှည်ရောဂါရှိသူများ၊ မသန်စွမ်းသူများ၊ ရပ်ကွက်ကျေးရွာအတွင်းရှိ အသက် ၁၈ နှစ်ပြည်သူများ၊ ဦးတည်အုပ်စု၌ ပါဝင်သူများ အပါအဝင် ယနေ့အထိ ၁၅၅၀ ထိုးနှံပြီးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးရန်ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

## ဆားလင်းကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဦးစားပေးအုပ်စုအလိုက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသည့် ပြည်သူများအား ပထမအကြိမ် ကာကွယ်ဆေးများကို စက်တင်ဘာ ၂၀ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက စတင်၍ သတ်မှတ်စုရပ်နေရာများ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ယခုအကြိမ်တွင် ဆားလင်းကြီးမြို့နယ်အတွက် ဆီနိုဖမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၂၀၀ ထပ်မံရရှိသဖြင့် ဆေးတစ်လုံးလျှင် လူငါးဦးနှုန်း ထိုးနိုင်သောကြောင့် လူဦးရေ ၆၀၀၀အား ထိုးနှံပေးမည်ဖြစ်သည်။ မြို့နယ်အတွင်း ယနေ့အထိ ကာကွယ်ဆေး ထိုးနှံပြီးသူ စုစုပေါင်း ၅၇၅၅ ဦးရှိပြီဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသူများကိုလည်း သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းခင်းစီမံချက် သိမှတ်ဖွယ်ရာများ လက်ကမ်းစာစောင်ဖြန့်ဝေ

**သီပေါ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပန်းခင်းစီမံချက်အရ မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်ပါ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက လူစည်ကားရာ ပင်လုံလမ်းမနှင့် အောင်ဆန်းလမ်းမတစ်လျှောက် ဈေးဆိုင်များ၊ လူနေအိမ်များသို့ ကိုဗစ်- ၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကွင်းဆင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများစသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ် ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နှင့် နမ္မတူမြို့တို့၌ ၁၅၀၆ ဦး**(အပေါ်ပုံ)**၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ် ခိုင်းလုံကျေးရွာရှိ ဒေသခံ ‘ဝ’ တိုင်းရင်းသား ၂၀၀၊ မြို့နယ်ခြောက်မြို့နယ်တို့၌ ၂၀၇၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ၁၁၈၂၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ၁၄၈၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ၅၃၅၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ ၁၂၉၆၀ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၂၅၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ၁၃၉၉၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ၉၈၂၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၁၀၆၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများတွင်နေထိုင်သူများကို ဒုတိယအကြိမ် ကိုဗစ်- ၁၉ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**စစ်တွေ စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက်ရှိသူများအား သဲချောင်းကျေးရွာရှိ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် ဆေးသမားကျေးရွာအုပ်စု အုန်းတောချေကျေးရွာတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် စစ်တွေတပ်နယ်မှ ဆေးဝန်ထမ်းများက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကာ ဆေးထိုးနှံပြီး နောက်တွင်လည်း မိနစ် ၃၀ အကြာစောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။



ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေးပေးစဉ်။

သဲချောင်းကျေးရွာရှိ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ အမျိုးသားနှင့် အမျိုးသမီးများကို သီးသန့်ခွဲပြီး အမျိုးသားများအား အဆောက်အအုံအပေါ်ထပ်နေရာ၌လည်းကောင်း၊ အမျိုးသမီးများအား ဒုတိယထပ်နေရာ၌ လည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အလားတူ ဆေးသမားကျေးရွာအုပ်စု၊ အုန်းတောချေကျေးရွာ၌လည်း IDPs စခန်းများတွင် ခိုလှုံနေကြသည့် အသက်၄၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသော သက်ကြီးရွယ်အိုများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ IDPs စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက လိုအပ်သောကိစ္စများကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ရခိုင်ပြည်နယ်အတွင်းရှိ IDPs ကယ်ဆယ်ရေးစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား ပြည်ထောင်စုအစိုးရအဖွဲ့က သီးသန့်ခွဲဝေချထားပေးသော Sinovac ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ဖြင့် ဩဂုတ် ၂၉ ရက်မှစတင်၍ ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၆ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ နေရာများ၌ သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လက်ဘနွန်နိုင်ငံမှ ဆီးရီးယားဒုက္ခသည်များ၏ အခက်အခဲများ

◇◇◇◇◇◇◇◇◇◇◇ **နှင်းမိုးအိမ်** ◇◇◇◇◇◇◇◇◇◇◇

လက်ဘနွန်နိုင်ငံ ဘူဂျ်ဘရာ့ဂျ်နက်စခန်းတွင် နေထိုင်နေသည့် ယိုလာအယ်ရှာအစ်ဖ်သည် ဆီးရီးယားမှ ထွက်ပြေးလာသည့် ဒုက္ခသည်တစ်ဦး ဖြစ်သည်။



လက်ဘနွန်နိုင်ငံ ဘူဂျ်ဘရာ့ဂျ်နက်စခန်းတွင် နေထိုင်နေသည့် ယိုလာအယ်ရှာအစ်ဖ် ဈေးဝယ်နေစဉ်။

**အခက်အခဲများနှင့်ပြည့်နှက်**

လက်ဘနွန်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင် နေထိုင်ရသည့် ၎င်း၏ဘဝမှာ မသေချာမှုများ၊ အခက်အခဲများဖြင့် ပြည့်နှက်နေသည်။ နောက်တစ်ရက်တွင် ဘာဆက်ဖြစ်မည်ကိုမသိဘဲ နေ့ရက်များကို ရှင်သန်နေရသည်။ နောက်တစ်နေ့အတွက် အစားအစာ သေချာပါ့မလားဟုလည်း စိုးရိမ်စွာနေထိုင်နေရသည်။ ၎င်းသည် လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးလာသူဖြစ်ပြီး ဒုက္ခသည်စခန်းတွင် ခင်ပွန်းသည်၊ ကလေးငါးယောက်နှင့်အတူ နေထိုင်သည်။

**ညစာမစားရဘဲအိပ်ရ**

၎င်းတို့နေထိုင်သည့်စခန်းမှာ ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်တွင် ရှိသည်။ ညစာမစားရဘဲ အိပ်ရသည့် ညများလည်း ရှိသည်ဟု ယိုလာက ပြောသည်။ ယိုလာသည် ၎င်း၏ မီးဖိုချောင်အတွင်းသို့ ဝင်သွားခဲ့ပြီး ဟောင်းနွမ်းနေသည့် ရေခဲသေတ္တာထဲတွင် လှီးထားသော ခရမ်းချဉ်သီးတစ်ပန်းကန်၊ ဒိန်ချဉ်သေတ္တာတစ်ခုနှင့် ဆီတစ်ပုလင်းသာရှိကြောင်း ပြသခဲ့သည်။

ရေခဲသေတ္တာအတွင်း အခြားဘာပစ္စည်းမှ မရှိသည်ကိုလည်း ပြသခဲ့သည်။ ၎င်း၏ အမျိုးသားဖြစ်သူ ပိုက်ဆံရှာလာမှသာ ဟင်းချက်စရာဝယ်နိုင်မည်ဖြစ်ပြီး ကလေးများကို အစာကောင်းကောင်း ကျွေးနိုင်မည်ဖြစ်သည်။

**ပိုက်ဆံလုံလောက်မှုမရှိ**

သို့မဟုတ်ပါက စားစရာပင်မရှိဟု ၎င်းက ဆင်ဟွာသို့ ပြောသည်။ ၂၀၂၁ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ပြုလုပ်ခဲ့သည့် အကဲဖြတ်မှုအရ ဆီးရီးယားဒုက္ခသည်မိသားစုများ၏ ၉၉ ရာခိုင်နှုန်းမှာ အစားအစာ သို့မဟုတ် အစားအစာဝယ်ယူရန် ပိုက်ဆံ လုံလောက်မှုမရှိဟု ဖော်ပြထားသည်။ ဆီးရီးယားဒုက္ခသည်မိသားစုများမှာ အစားအစာဝယ်ယူရန်အတွက် ပိုက်ဆံချေးငှားခြင်း သို့မဟုတ် အကြွေးဝယ်ယူခြင်းတို့ ပြုလုပ်ရသည်။ နဂိုကမှ အခြေအနေဆိုးရွားနေရသည့် ဆီးရီးယားဒုက္ခသည်များအတွက် အလုပ်လက်မဲ့ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းတို့ကြောင့်လည်း အခြေအနေ ပိုမိုဆိုးရွားလာစေခဲ့သည်။

**အလုပ်အကိုင်ရှားပါး**

လက်ဘနွန်နိုင်ငံတွင် ၎င်းတို့နိုင်ငံသားများအတွက် အလုပ်အကိုင်ဈေးကွက်ကို အကာအကွယ်ပေးထားရာ ဆီးရီးယားဒုက္ခသည်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးနေသည်။ ယိုလာသည် ၎င်းတို့စခန်းရှိ အလုပ်ရုံတွင် စက်ချုပ်သမားအလုပ်လုပ်ကိုင်ပြီး ၎င်းချုပ်သမျှ အထည်အတွက် ပိုက်ဆံရသည်။ ၎င်း၏ ခင်ပွန်းသည်ဖြစ်သူမှာ ၎င်းတို့ စခန်းအနီးတစ်ဝိုက်တွင် အထမ်းသမားအဖြစ် အလုပ်လုပ်ကိုင်သည်။

အိမ်နီးနားချင်းများနှင့် အနီးတစ်ဝိုက်တွင်နေထိုင်ကြသူများထံမှ အထုပ်များကို သယ်ဆောင်ပေးခြင်းဖြင့် အခကြေးငွေရအောင် ဖန်တီးရသည်။

**ထောက်ပံ့ကြေးငွေမှာလုံလောက်မှုမရှိ**

၎င်းတို့မိသားစုသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၆၀ ခန့်ဖြင့် လောက်ငအောင် နေထိုင်ကြသည်။ ၎င်း၏ အမျိုးသားရှာဖွေသည့် ဝင်ငွေနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှပေးသည့် ထောက်ပံ့ကြေးငွေဖြင့် ရပ်တည်နေခြင်းဖြစ်သည်။ တချို့သောမိသားစုများမှာ အစားအသောက်အထောက်အပံ့သာ ရရှိနေချိန်တွင် အခြားသော မိသားစုများကမူ အေဂျင်စီများထံမှ ငွေကြေးထောက်ပံ့မှုကို ရရှိသည်ဟု ယူအင်န်အိတ်ချ်စီအာမှ ပြောရေးဆိုခွင့်ရှိသူ လီဆာအဘူခါလက်က ရှင်းပြသည်။ ယိုလာကမူ ၎င်းရရှိသည့် ထောက်ပံ့ကြေးငွေမှာ လုံလောက်မှု မရှိဟု ပြောသည်။

**ငွေကြေးအနည်းငယ်သာကျန်**

လက်ဘနွန်နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့်လည်း ၎င်း၏ အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ရသည်။ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အစားအသောက်ဈေးနှုန်းမှာ ၄၀၀ ရာခိုင်နှုန်းအထိ တိုးမြင့်သွားရသည်။ ပုဂ္ဂလိက မီးစက်အဖွဲ့ကို လက်ဘနွန်ငွေကြေး ၇၅၀၀၀၀ ပေးရပြီး အိမ်ငှားခအတွက် လက်ဘနွန်ငွေကြေး ၂၅၀၀၀၀ ပေးဆောင်ရသည်။ အဆိုပါ ပိုက်ဆံများနုတ်လိုက်လျှင် ကလေးများကို ကျွေးမွေးရန် ငွေကြေးအနည်းငယ်သာ ကျန်တော့သည်ဟု ၎င်းက ပြောသည်။

**အိမ်ခန်း၏အခြေအနေ**

အခန်းနှစ်ခန်းသာပါသည့် အိမ်တွင် နေထိုင်ရသည်။ ၎င်းနေထိုင်ရာ အိမ်သို့ မိလ္လာပိုက်လိုင်းများနှင့် အမှိုက်ပုံများကို ဖြတ်ကျော်၍ လာခဲ့ရသည်။ ၎င်းတို့အိမ်မှာ အခြေခံကျန်းမာရေး လိုအပ်ချက်ပင် ပြည့်စုံမှုမရှိချေ။ ကလေးငယ်များ ကစားရာ ပတ်ဝန်းကျင်အနီးတွင်လည်း မီးကြိုးပျက်များ ကျနေပြီး လျှပ်စစ်အန္တရာယ်လည်းရှိသည်။ ယိုလာ၏ အိမ်အခြေအနေမှာ အကောင်းကြီး မဟုတ်လှပေ။ အမိုးများ၊ နံရံများမှာလည်း ပေါက်ပြဲနေပြီး အခန်းများတွင်လည်း မှိုစွဲနေသည်။

**ကလေးများကိုကျောင်းမအပ်နိုင်**

၎င်းတို့မိသားစုမှာ မွေ့ယာအပေါက်အပြဲနှင့် အိပ်စက်ရပြီး နေ့ဘက်တွင် ထိုင်ခုံများကိုအခန်းထောင့်တွင် စုစည်းထားရသည်။ မီးအားရသည့် အချိန်အနည်းငယ်အတွင်း ကလေးများအတွက် ဖျော်ဖြေရေးအဖြစ် တီဗွီတစ်လုံး ဖွင့်ပြထားသည်။ ယိုလာအတွက် အဆိုးဆုံးအခြေအနေမှာ ကလေးများကို ကျောင်းမအပ်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကပ်ရောဂါပျံ့နှံ့နေစဉ်အတွင်း အွန်လိုင်းမှ သင်ကြားမှုအတွက် လျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ခြင်းမရှိသကဲ့သို့ အင်တာနက်ဆက်သွယ်မှုလည်း ရရှိအောင် လုပ်မပေးနိုင်ချေ။

**ပညာရေးရပ်တန့်လိုက်ရ**

နေထိုင်ခွင့်အတွက် သက်တမ်းတိုးရန်ပင် ငွေကြေးမရှိသည့်အတွက် ကျောင်းများက လာမည့် စာသင်နှစ်အတွက် ၎င်းကလေးများကို ကျောင်းအပ်ခွင့်မပြုခဲ့ဟု ၎င်းက ဆက်ပြောသည်။ ယူနီဆက်ဖ်၏ ခန့်မှန်းမှုအရ ဆီးရီးယားဒုက္ခသည် မိသားစု ၂၂ ရာခိုင်နှုန်းမှာ ၎င်းတို့၏ ကလေးများကို စာသင်ကျောင်းသို့ မပို့နိုင်ဘဲ လုပ်ငန်းခွင်သို့သာ ပို့ဆောင်ရသည်ဟု သိရသည်။ ၃၅ ရာခိုင်နှုန်းမှာမူ ၎င်းတို့ ကလေးများ၏ပညာရေးကိုရပ်တန့်ပစ်လိုက်ရသည်။

**ကလေးများကိုအလုပ်လုပ်ခိုင်း**

ယိုလာတွင်လည်း ၎င်း၏ သားတစ်ဦးမှာ အလူမီနီယံဆိုင်တွင် အလုပ်သွင်းပေးထားရသည်။ အခြားသော ကလေးများကိုလည်း လက်ဘနွန်ငွေကြေးအနည်းငယ်ရရှိစေရေး ဈေးဆိုင်တွင် အမှိုက်လှဲခိုင်းသည်။ ယိုလာအတွက် တစ်ခုတည်းသော အိပ်မက်မှာ ကလေးများအနာဂတ်လှပစေရေးအတွက် သင့်လျော်သော ကျောင်းပညာရေး ထောက်ပံ့ပေးနိုင်ရန်ပင်ဖြစ်သည်ဟု ဆင်ဟွာသို့ ပြောသည်။

**သင့်လျော်သည့်ပညာရေးမရ**

လူ့အခွင့်အရေးတွင် အရေးအကြီးဆုံးအချက်ချိုးဖောက်ခံထားရပြီး အဆိုပါအချက်မှာ ကလေးများအတွက် သင့်လျော်သည့် ပညာရေးမရရှိခြင်းပင်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လအတွင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၅ သန်းကျော်မှာ လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ လက်ဘနွန်နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံနီးပါး ရှိသည်။ လက်ဘနွန်နိုင်ငံသည် လက်ရှိတွင် ကမ္ဘာပေါ်၌ ဒုက္ခသည်အများဆုံး လက်ခံထားရာ နိုင်ငံလည်းဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**

- **ယိုလာအတွက် အဆိုးဆုံးအခြေအနေမှာ ကလေးများကို ကျောင်းမအပ်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကပ်ရောဂါပျံ့နှံ့နေစဉ်အတွင်း အွန်လိုင်းမှ သင်ကြားမှုအတွက် လျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ခြင်းမရှိသကဲ့သို့ အင်တာနက်ဆက်သွယ်မှုလည်း ရရှိအောင် လုပ်မပေးနိုင်ချေ**
- **ယူနီဆက်ဖ်၏ ခန့်မှန်းမှုအရ ဆီးရီးယားဒုက္ခသည် မိသားစု ၂၂ ရာခိုင်နှုန်းမှာ ၎င်းတို့၏ ကလေးများကို စာသင်ကျောင်းသို့ မပို့နိုင်ဘဲ လုပ်ငန်းခွင်သို့သာ ပို့ဆောင်ရသည်ဟု သိရသည်။ ၃၅ ရာခိုင်နှုန်းမှာမူ ၎င်းတို့ကလေးများ၏ ပညာရေးကို ရပ်တန့်ပစ်လိုက်ရသည်။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ ၆၆ ကေဗွီ နဘား-ထီးချိုင့် ဓာတ်အားလိုင်းအတွက် တာဝါတိုင်များအား အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)မှ ရွှေစာရံစတိုသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၁၂-၁၀-၂၀၂၁ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield) များဝတ်ဆင်၍ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၉/က)၊ ဧရိယာအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးသက်လွင် ၁၂/သကတ(နိုင်)၀၉၆၈၄၁ နှင့် ဒေါ်ခင်ဌေးဝင်း ၁၂/သကတ(နိုင်)၀၉၆၈၄၂တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၁၁၉၊ ရွှေပြည်သာလမ်း၊ (၆/အနောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မြင့်ကြည် ၁၂/သကတ(နိုင်)၀၉၇၂၆၁ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)** **ဒေါ်ရွှေစင်ဝင်း(LL.B) (စဉ်-၁၆၇၀၅)**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မင်းကံကြီးအုပ်စု၊ အောင်စေတနာ(က)ရပ်ကွက်၊ (၇)လမ်း၊ မြေကွက်အမှတ်(၆၇၃)ဟုခေါ်တွင်သော အလျားပေ ၆၀xအနံ ပေ ၄၀ ရှိ မူလအမည်ပေါက်ပိုင်ရှင် ဦးမြင့်ဇော် အမည်ပေါက် အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ပိုက်ယဉ်စိုး ၈/မကန(နိုင်)၀၀၄၉၁၄ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင်(LL.B, LL.M) အထက်တန်းရှေ့နေ စဉ်-၄၅၅၅၆/၁၅**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ ဒသမ ၁၀၆ဧကရှိ မြေကွက်အမှတ်(ပ-၂၃၅၀)၊ ဒေါ်ခင်ခင်ဝေ ၉/မမန(နိုင်)၀၁၂၄၀၂ (ဘ)ဦးသန်းမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စုစုလွင် ၈/စလန(နိုင်)၀၇၃၇၅၀ (ဘ)ဦးမောင်မောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅၅/၂၀၁၄)တင်ပြ၍ ဦးအောင်မျိုးချစ်အေး ၅/ကသန(နိုင်)၀၆၈၂၇၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၅၁)ဟု ခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက်၏ပထမထပ်၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း(၁၄ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်စမ်းစမ်းဝင်း ၁၂/တမန(နိုင်)၀၀၅၅၂၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)** **ဒေါ်ရွှေစင်ဝင်း(LL.B) (စဉ်-၁၆၇၀၅)**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကနောင်ပင်မဓာတ်အားခွဲရုံတွင် ချို့ယွင်းသွားသော 230/33/11KV, (3x33.33) MVA Transformer ၏ R-Phase Transformer (Sr No.11T1014002) တစ်လုံးအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တင်ဒါအမှတ်-1(T)/DPTSC(PSD)/2021- 2022(Mini) (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၆-၁၀-၂၀၂၁ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ယောမင်းကြီး(၁)လမ်း၊ မြေကွက်အမှတ်(၁၂၈၄/က)၊ ဧရိယာပေ(၂၀x၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင် ၁၂/လမန(နိုင်)၀၃၂၆၂၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မာလာသိန်း ၁၂/ဥကတ(နိုင်)၀၄၈၀၁၂ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ မြေကွက်အမှတ်(၃၈၄)၊ ဧရိယာပေ(၄၁x၆၀) ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းဧရိယာပေ(၂၁x၆၀)မြေနှင့် နေအိမ်အား ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဇေယျ ၁၂/ဒဂမ(နိုင်)၀၀၄၁၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီလီမိတက်၊**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာအုပ်စု၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ (၈)လမ်း၊ မြေကွက်အမှတ်(၇၅၇)ဟုခေါ်တွင်သော အလျား ၆၅ ပေ၊ အနံ ၆၅ ပေရှိ မူလအမည်ပေါက်ပိုင်ရှင် ဒုတိယဗိုလ်မှူးကြီးစိုးစိုးနိုင် အမည်ပေါက် အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးအေးဟန် ၈/မဘန(နိုင်)၀၀၈၈၈၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင်(LL.B,LL.M)၊ အထက်တန်းရှေ့နေ(စဉ်-၄၅၅၅၆/၁၅)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ်(ပ-၁၀၁၃)၊ ဦးစောဦး ၁၂/စခန(နိုင်)၀၂၁၁၇၇ (ဘ)ဦးစံတင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်လွင် ၈/ရနခ(နိုင်)၀၀၂၆၁၀ (ဘ)ဦးမြမောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၀၀/၂၀၁၉)တင်ပြ၍ ဒေါ်ဝင်းမေသိန်း ၃/လဘန(နိုင်)၀၈၅၁၈၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ''ကြည်ကြည်ဝင်း ပုသိမ် ဝဋ္ဋေလုံ''ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ဝဋ္ဋေလုံ(၁)လမ်းနေ ''ကြည်ကြည်ဝင်း ပုသိမ်ဝဋ္ဋေလုံ''ကုန်အမှတ်တံဆိပ်ပိုင်ရှင် ဒေါ်ညိုညို(ဘ)ဦးကျင်ငွေ ၁၄/ပသန(နိုင်)၁၆၄၄၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

''ကြည်ကြည်ဝင်း ပုသိမ် ဝဋ္ဋေလုံ''ကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ညိုညိုတစ်ဦးတည်းပိုင်ဆိုင်သည့် ကုန်အမှတ်တံဆိပ်ဖြစ်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း ပူးတွဲပိုင်ဆိုင်ခြင်း၊ ရှယ်ယာထည့်ဝင်ထားခြင်း၊ လုပ်ငန်းအတူတကွ တွဲဖက်လုပ်ကိုင်ခြင်းမရှိပါ။ ''ကြည်ကြည်ဝင်း ပုသိမ်ဝဋ္ဋေလုံ'' ကုန်အမှတ်တံဆိပ်အား ပုသိမ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၃၈/ ၇၇ (၃၁-၁၀-၁၉၇၇)ဖြင့် တရားဝင်မှတ်ပုံတင်ခဲ့ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများကို ယနေ့ထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းလိုင်စင်မှာ ဒေါ်ညိုညိုတစ်ဦးတည်း အမည်ပေါက်ဖြစ်ပြီး အဆိုပါ ''ကြည်ကြည်ဝင်း ပုသိမ်ဝဋ္ဋေလုံ''ကုန်အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

ကြည်ကြည်ဝင်း ပုသိမ် ဝဋ္ဋေလုံ

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညိုညိုတစ်ဦးတည်းပိုင်ဆိုင်သည့်အမှတ်တံဆိပ်ဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲမှုမပြုလုပ်ကြရန်နှင့် တုပပြုလုပ်သည်များကို မြင်တွေ့ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ညိုညို(ဘ)ဦးကျင်ငွေ**
**၁၄/ပသန(နိုင်)၁၆၄၄၁၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောပြည့်ချမ်းသာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(Advocate)**
**စဉ်-၁၁၈၂၃(၁၇-၁-၂၀၁၇)**
**အမှတ်-၄၀၊ ပဒင်းတန်းလမ်း**
**ရ.က.အ(၂)၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၄၂၂၄၉၉၅၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ သည် ဒေါ်မေသန္တာတင် ၁၂/ပဘတ(နိုင်)၀၁၇၅၄၁ ပိုင်ဆိုင်သော တောင်ဥက္ကလာပမြို့နယ် (၁၄/၁) ရပ်ကွက် မြင်သာ(၃)လမ်း၊ အမှတ် (၂၄/၁)တွင်ရှိသော မြေနှင့်အိမ်အား ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်ခင်ရီ**
**၁၂/စခန(နိုင်)၀၅၄၄၇၉**
**ဖုန်း-၀၉-၅၀၄၃၆၁၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာအုပ်စု ကွင်းအမှတ် ၄၆^က ဦးပိုင်အမှတ်(၂) ဧရိယာ ၁ ဒသမ ၈၆ နှင့် ဦးပိုင်(၅၁)ရှိ ဧရိယာ ၂ဒသမ၄၉ ဧကမှာ ဒေါ်အေးဝင်းပိုင် ပုံစံ(၁၀၅)၊ ပုံစံ(၇) ပျောက်ဆုံးသည့်အပေါ် ကန့်ကွက်ရန်ရှိပါက ၎င်းကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးဝင်း ၇/သနပ(နိုင်)၀၀၇၉၄၃**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်မြရွှေ ၁၃/တကန(နိုင်)၀၁၀၅၅၄ မှ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အမှတ် မ/၆၅ နေ မမေသဲအောင် ၁၃/တကန(နိုင်)၁၄၉၁၂၇ (ဘ)ဦးအောင်တင်အား ကျွန်မလက်ရှိပိုင်သည့် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ကိုယ်ပိုင်လမ်း၊ အမှတ် ၃/၁၁၅ ကွင်းအမှတ်(၁၄၅)၊ ထီသိမ်ရွှေ့မြောက်ရပ်၊ ဦးပိုင်အမှတ်(၁၅၆)မြေကွက်၏ ကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဇောတိကလမ်း၊ အမှတ် ၃၁ နေ တရားလွှတ်တော်ရှေ့နေ(NOTARY PUBLIC) ဦးစီလိုင်(စဉ်-၁၁၈၇/၁၉၇၁) ရှေ့၌ ၁၇-၁၀-၂၀၁၂ ရက်စွဲဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်စာချုပ်အမှတ် ၂၈၅/၂၀၁၂ အရ လွှဲအပ်ပေးခဲ့ပါသည်။ ၎င်းအထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း မမေသဲအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ရုပ်သိမ်းပြီးဖြစ်သော အထူးကိုယ်စားလှယ်လွှဲအပ်စာချုပ်အား အသုံးပြု၍ အထက်ဖော်ပြပါအိမ်ခြံမြေအား မေတ္တာဖြင့်ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်းများ မပြုလုပ်ရန်အတွက်ကိုလည်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြရွှေ**
**၁၃/တကန(နိုင်)၀၁၀၅၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၇ရပ်ကွက်၊ မောရဝတီလမ်းမကြီး၊ မြေကွက်အမှတ်(၇၂၈)၊ ဧရိယာပေ (၄၄ပေx၆၀ပေ)၊ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသောင်းညွန့် ၅/ကဘလ(နိုင်)၁၃၂၈၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှမြသိန်း ၁၁/စတန(နိုင်)၀၀၅၈၇၆ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်**
**LL.B(၇-၄-၂၀၁၄)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သက်ပိုင် ၁၂/သဃက(နိုင်)၁၆၂၉၈၉ CDC-91286၏ PSCRB ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၃၇၄၄၀၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အနောက်ဘက်ကျေးရွာနေ ဦးအုန်းသန်း၏သား မောင်စိန်ကုလား ၇/ရကန(နိုင်)၀၅၀၄၈၅နှင့် မောင်ကျော်ဇင်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ကျော်ဇင်ထွန်း**
**၇/ရကန(နိုင်)၀၅၀၄၈၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/3956 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2802 Toyota Mark II JZX 110 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမင်း ၉/နထက(နိုင်)၁၆၆၂၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၆၁၃၆၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီလှိုင် ၁၀/မဒန(နိုင်)၁၃၄၀၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၈၀)၊ ၅၉လမ်း၊ မြတ်လေးလမ်းနှင့်ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်မောင် ၉/မနတ(နိုင်)၀၂၆၃၇၀ က တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(ဘီ-၁၈)၊ ဦးပိုင်အမှတ်(၁၈)၊ ၃၂x၃၃ကြား၊ မေမြို့ပတ်လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကော့ဖန် ၉/မရမ(နိုင်)၀၇၄၆၉၁၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၁/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရွှေပြည့်စုံ ၉/မထလ(နိုင်)၂၇၃၅၃၃ ကမြေကွက်၏ ဂရန်စာချုပ်မူရင်း၊ လမ်းဖိုး၊ မြေဖိုးငွေသွင်းပြေစာ၊ မြေနေရာချထားမိန့်မူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။






အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမှာစကားပြောကြားစဉ်။

# ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကို ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မှုနှင့် အချိန်ကိုက် အမြန်ဆုံးပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားခရီးသွား ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ စကားဝိုင်းဆွေးနွေးပွဲ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❑

## ယနေ့ သတင်းအညွှန်း

**ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ** စာ - ၂

**စက်တင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၈၂ ဦး တွေ့ရှိ** စာ - ၁၅

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ** စာ - ၁၈

## သောင်းရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သောင်းရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၉/၂၀၂၁) ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၉/၂၀၂၁) ကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။ **သတင်းစဉ်**